# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၆)ရက် ၊ တနင်္လာနေ့ ၊ (16-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်

**အယ်ဒီတာအာဘော်**

# အနာဂတ်ပန်းတိုင်ရောက်စေလို တက္ကသိုလ်ဝင်စာမေးပွဲကြီး ကြိုးစားဖြေဆို

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေး၏အခန်းကဏ္ဍသည် အဓိကကျလှပေသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေး၊ အနာဂတ်ကို ပိုမိုကောင်းမွန်အောင် ဖန်တီးရေးတွင် ယှဉ်ပြိုင်မှုတစ်ခုဟု ဆိုရပေမည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏အနာဂတ်ဘဝအနိမ့်အမြင့်ကို ဖန်တီးပေးသော၊ ကြိုးစားလျှင် ကြိုးစားသည့်အလျောက် ကောင်းကျိုးကိုဖန်တီးပေးသောပညာရေးကို အလေးပေးကြရမည်ဖြစ်သည်။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင် ပြိုကျပျက်စီးခဲ့သည့်အပြင် နောက်ဆက်တွဲမီးလောင်မှုဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲများကို ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

ထိုသို့ကြေညာထားသည့်အတိုင်း ဇွန် ၁၆ ရက်(ယနေ့)တွင် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် သက်ဆိုင်ရာစာဖြေဌာနအသီးသီးတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုနေကြပြီဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိဖြေဆိုသည့်ဘာသာရပ်များကို ဘာသာရပ်အလိုက် ကျက်မှတ်ထားသည်များကို မလွဲမမှားစေရန် စိတ်ကိုတည်ငြိမ်စွာထား၍ ကြိုးစားဖြေဆိုကြရန်လိုပေသည်။ အထူးသဖြင့် စာမေးပွဲဖြေဆိုနေသည့်ကာလအတွင်း ကျန်းမာရေးကောင်းမွန်ရန် အထူးဂရုပြုကြရန်လည်းလိုပေသည်။ ကိုယ်ရောစိတ်ပါ ရွှင်လန်းတက်ကြွနေပြီးအောင်စိတ်ကိုလည်း မွေးမြူကြရမည်။ ကိုယ့်အားကိုယ်ကိုးသည့်စိတ်ဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝထားရှိကြရမည်ဖြစ်သည်။

ယခုကျင်းပလျက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲကြီးသည် ကျောင်းသား၊ ကျောင်းသူများအတွက် ကြုံခေါ်ကြုံခဲအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ယခုစာမေးပွဲကြီးကို အောင်မြင်အောင် ဖြေဆိုနိုင်ပါက မိမိတို့လျှောက်လှမ်းရမည့်ဘဝပန်းတိုင်များကို လွယ်ကူလျင်မြန်စွာရောက်ရှိနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ရရှိထားသည့်အခွင့်အရေးကိုအကျိုးရှိစေရန် စိတ်၊ ခွန်အားတို့မွေးကာ ကြိုးစားဖြေဆိုကြရန်လိုပေသည်။

စာမေးပွဲဖြေဆိုခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းကိုစစ်ဆေးခြင်းဖြစ်ပြီး အအောင်၊ အရှုံး သတ်မှတ်ပေးထားသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲခန်းထဲဝင်ချိန်မှစ၍ အောင်ကိုအောင်ရမည်ဟူသော စိတ်ဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝထားကာ ဖြေဆိုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်း သဘာဝဘေးများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ မြန်မာနိုင်ငံတွင်လည်း မန္တလေးငလျင်ကြီးနှင့် ကြုံတွေ့ခဲ့ရသည်။ ငလျင်ဒဏ်သင့်ခဲ့ရမှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပြန်လည်ဖြေဆိုနေကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့တွေ့ကြုံခဲ့ရသော အခက်အခဲများကိုကြံ့ကြံ့ခံ၍ မိမိတို့၏ဘဝရှေ့ရေးအတွက် အနာဂတ်ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် ကြိုးစားဖြေဆိုကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပေါက်ပင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ရွှေပေါက်ပင်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ဧကကို ယခုနှစ် ဇွန်လတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ပီလောပီနံ ၁၂၈၁ ဧကအားလုံး စနစ်တကျအခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ ဌာနဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလဲ ပီလောပီနံစိုက်တဲ့အတွေ့အကြုံရှိလို့ အခက်အခဲမရှိစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေစိုက်ပျိုးတဲ့ ပီလောပီနံတွေက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးနဲ့အမျိုးအစားကောင်းပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ပီလောပီနံစိုက်ပျိုးသည့်ဒေသခံတောင်သူ စုစုပေါင်း ၁၁၉ ဦးရှိပြီး အဆိုပါဒေသတွင်စိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်ချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ပြီး ရောင်းချနိုင်ကြောင်း၊ အဆိုပါထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ပီလောပီနံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပီလောပီနံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၉၈၅ ဧက စိုက်ပျိုးပြီးစီး

**ကလေးဝ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်စုံအားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် လှော်ကားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လှော်ကားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လှော်ကားကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်ခင်မိမိ မိသားစုက ဦးမောင်ကို၊ ဒေါ်ညွန့်မေတို့အားရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာကျော်ဇေယျာလွင်က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးပြေမပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးပြေမ ပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် အတွင်းက ငါးပြေမပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ငါးပြေမ ပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပြေမ ပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ လတွေကထက် ပိသာချိန် တော်တော်များများ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာ များပါတယ်။ လတ်ဆတ်ပြီး အရည်အသွေး ကောင်းလို့ အရောင်းအဝယ် ကောင်းလာတာပါ။ အခြား ရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမငါးကတော့ အများဆုံး တင်ပို့ခဲ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုး အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိသာလျှင် ငွေကျပ် ၁၆၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ငါးပြေမ ငါးအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဝါးခွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၅၄ ဧက စိုက်ပျိုးမည်

**မုံရွာ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ စတုတ္ထပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ဖက်ကို စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဟုမ္မလင်းမြို့နယ်က အများဆုံးစိုက်ကြတာပါ။ စစ်ကိုင်းဒေသဘက်က ထွက်တဲ့ လက်ဖက်က အရည်အသွေးလဲ ကောင်းပါတယ်။ လက်ဖက်က ဓာတုကင်းရှင်းလက်ဖက် ဖြစ်တဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပေါင်းပြီးတော့ လက်ဖက်အထွက်နှုန်း ကောင်းအောင်လုပ်ပါမယ်။ ဈေးကွက်ဝင်ဖို့ကိုလဲ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အဲဒီဒေသမှာရှိတဲ့လုပ်ငန်းတွေနဲ့ ပူးပေါင်းပြီး အဆင့်မြင့်ထုပ်ပိုးမှုစနစ်တွေနဲ့ ဈေးကွက်အတွင်း ရောင်းချနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်ဖက်စိုက်ပျိုးရန် အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၂၉၀၊ ခန္တီးခရိုင်တွင် ၂၈၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၉၄၁၅ ဧက၊ နာဂဒေသတွင် ၉၁၁ ဧက၊ ကသာခရိုင်တွင် ၄၈၈ ဧကနှင့် ကောလင်းခရိုင်တွင် ၅၆၅ ဧက စုစုပေါင်း ၁၁၉၅၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

လက်ဖက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် အထွက်နှုန်းနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လက်ဖက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# ရေဘူးပေါက်တာ မလိုချင်ဘူး

**ချစ်နိုင်(စိတ်ပညာ)**

စာဖတ်သူများလည်း ကြားဖူးကြုံဖူးလောက်ပါတယ်။ "ရေဘူးပေါက်တာမလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်" ဆိုတဲ့စကားကို။

စာရေးသူလည်း တပ်မတော်မှာ စစ်မှုထမ်းလို့ တစ်နှစ်၊ နှစ်နှစ်ကျော်လောက်ကြာမှ ကြားခဲ့ဖူးတာ ခင်ဗျ။ စာရေးသူ ဗိုလ်သင်တန်းဆင်း၍၊ ပြန်တမ်းဝင်အရာရှိငယ်ဘဝ၊ တာဝန်ထမ်းဆောင်ရတဲ့တပ်ရင်းက လားရှိုးမြို့မှာအခြေစိုက်တဲ့ ခြေလျင်တပ်ရင်းဟာ မိခင်တပ်ရင်းပေါ့။ အဲဒီစကားကို သူများပြောသံဆိုသံ နားစွန်နားဖျား ကြားဖူးပေမယ့် ဘာအဓိပ္ပာယ်လဲ မသိပါ။

မိမိနဲ့ရင်းနှီးတဲ့ ကိုယ့်တပ်ခွဲက တပ်ကြပ်ကြီးတွေကို မေးကြည့်တာပေါ့။ ဝါရင့်ဆရာကြီးကရှင်းပြတယ်။

"ဒီလို ဗိုလ်ကြီးရာ။ ရှေ့တန်းတပ်စခန်းကုန်းတစ်ကုန်းပေါ်မှာ တပ်ကြပ်ကြီးက ရဲဘော်တွေကို ထမင်းချက်ဖို့ ရေရှာခဲ့၊ ယူခဲ့၊ လူတိုင်းပါအောင်ယူခဲ့ကြဆိုတော့ ရဲဘော်တွေလည်း ဟုတ်ကဲ့ပါပေါ့။ စခန်းဆိုတာ မြေအနေအထား အချက်အချာကျတဲ့နေရာမှာ အခြေပြုရတာဆိုတော့ ပတ်ဝန်းကျင်ကို စိုးမိုးတဲ့ အမြင့်ဆုံးတောင်ကုန်းပေါ်ပေါ့ ဗိုလ်ကြီးရယ်။ ရွာနဲ့လည်းဝေးတယ်။ တောင်ခြေက ချောင်းအထိ ရေသွားခပ်ဖို့လည်း မနီးမဝေးပေါ့"

ရဲဘော်တစ်ယောက်က "ဆရာကြီး ကျွန်တော့်မှာ ရေပုံးလဲမပါဘူး။ ရေခွက်လည်းမရှိဘူး။ ဘာနဲ့သယ်ခဲ့ရမှာလဲ"တဲ့ မေးပါလေရော။

"ရှိတာနဲ့ သယ်ခဲ့ပေါ့ကွာ"

"ဘာမှ မရှိပါဘူးဗျာ"

"ဟန်းကောနဲ့ဖြစ်ဖြစ် ခပ်ခဲ့ကွာ"

"ကျွန်တော့် ဟန်းကောပျောက်နေတယ်"

"ဒါဆို ရေဘူးနဲ့ခပ်ခဲ့ပေါ့ကွာ"

**"ရေဘူးက ပေါက်နေတယ်"**

တပ်ကြပ်ကြီးလည်း စိတ်တိုသွားပြီ။

"ရဲဘော် မင်းကို ငါတာဝန်ပေးနေတာ။ တို့အားလုံး ထမင်းချက်စားဖို့ ရေလိုတယ်။ တာဝန်ကျတဲ့ တပ်စိတ်က အလှည့်ကျ ရဲဘော်တိုင်း ရေရအောင် ယူခဲ့ကြရမယ်။ **ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်"**

အဲဒီ ရဲဘော်က ပေစောင်းပေစောင်းနဲ့ တပ်ကြပ်ကြီးနဲ့ ဝေးရာကို ထွက်သွားရော။ ဆက်ပြီး ဆင်ခြေပေးနေရင် ဆရာကြီးကဖြစ်ဖြစ်၊ တခြားတပ်ကြပ်တွေကဖြစ်ဖြစ် ဆုံးမတော့မှာလေ။

"အမိန့်ဆိုတာ ရှောင်လွှဲလို့မရဘူးလေ။ မဖြစ်မနေ လုပ်ရမှာမဟုတ်လား"

ရေဘူးပေါက်တယ်၊ ဘာဘာညာညာ ဆင်ခြေပေးမနေနဲ့၊ တာဝန်ပေးရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ဆောင်ရမယ်။ လိုက်နာလုပ်ဆောင်ပြီးလို့မှ မရတော့ဘူးဆိုရင်သာ ပြန်လည်သတင်းပို့ရမယ်ဆိုတဲ့ သဘောကို စာရေးသူနားလည်ခဲ့ရပါတယ်။

သို့ပေမယ့် စာပေဟောပြောပွဲတစ်ခုမှာ စာရေးဆရာတစ်ယောက်က **"ရေဘူးပေါက်တာမလိုချင်ဘူး၊ ရေပါအောင်ယူခဲ့"**ဆိုတဲ့ စစ်တပ်က အမိန့်ပေးပုံစံမျိုး နေရာတကာ လုပ်နေတော့ ဘယ်အောင်မြင်မှာလဲဗျာ" လို့ပြောလိုက်ရာမှာ အောက်ကနားထောင်နေကြတဲ့ ပရိသတ်က လက်ခုပ်လက်ဝါးတီးပြီး သဘောကျနေကြတာ အွန်လိုင်းက စာပေဟောပြောပွဲ မှတ်တမ်းမှာ ကြည့်လိုက်ရဖူးပါတယ်။

အမိန့်ဆိုတာက စစ်တပ်ကသာ လုပ်နိုင်တာ မဟုတ်ပါ။ ဘယ်အဖွဲ့အစည်း အသင်းအပင်းမှာမဆို စည်းမျဉ်းဥပဒေအရ တာဝန်ခွဲဝေသတ်မှတ်ထားပြီးရင် အမိန့်ပေးခြင်း၊ ညွှန်ကြားချက်ပေးခြင်း၊ တာဝန်ပေးခြင်းတွေကို လက်အောက်က တာဝန်ယူလိုက်နာ အကောင်အထည်ဖော်ရစမြဲသာဖြစ်ပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့တွေမှာမှ အမိန့်ကအသုံးပြုဖို့ လိုအပ်တာမဟုတ်ပါ။ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကင်းထောက်တပ်ဖွဲ့တွေအပြင် အစိုးရရဲ့ ဌာနဆိုင်ရာရုံးအဖွဲ့အစည်းအားလုံး အသုံးချနေရတာပဲဖြစ်ပါတယ်။ ဝန်ထမ်းမလုပ်ဖူးတဲ့ စာရေးဆရာတချို့ရဲ့ အဖွဲ့အစည်း၊ အသင်းအပင်းတိုင်းမှာ အမိန့်နဲ့ညွှန်ကြားချက်ဆိုတာရှိကြတဲ့သဘော မသိလို့ပြောနေကြတာနေ့ာ်။

အမိန့်ဆိုတာ ရှေးကာလနှစ်ပေါင်းများစွာကတည်းက မြန်မာပဒေသရာဇ်မင်း ဘုရင်များလက်ထက်တော်ကပင် ရှိခဲ့တာလေ။ အထက်လူက အမိန့်ပေးရင် အောက်လူက ရေဘူးပေါက်နေလို့ ရေခပ်မပေးနိုင်ဘူး ဆင်ခြေပေးနေလို့ မရနိုင်ပါဘူး။

အမိန့်ကို Commander ကွပ်ကဲသူက ပေးပိုင်ခွင့်ရှိတာပေါ့။ ခေါင်းဆောင်တာဝန်ယူရသူက သူ့အဖွဲ့အစည်းကို ကွပ်ကဲရာမှာ အရပ်စကားအနေနဲ့ စေခိုင်းတာ နှစ်မျိုး တာဝန်ပေးနိုင်ပါတယ်။

၁။ Order (အမိန့်)

၂။ Instruction (ညွှန်ကြားချက်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားလုံးရဲ့ နိုင်ငံတကာ လက်နက်ကိုင်တပ်ဖွဲ့တွေမှာ ဗဟိုဌာနချုပ်က ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ဦးစီးတာဝန်ဆိုတာ ရှိကြပါတယ်။ အင်္ဂလိပ်မှာလည်း ရှိတယ်။

STAFF DUTIES IN THE FIELD.

စစ်မြေပြင်ဦးစီးတာဝန်

အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဩစတြေးလျ၊ နယူးဇီလန်စတဲ့ တပ်မတော်တွေမှာ မြန်မာမှာရှိတဲ့ ဦးစီးတာဝန်နဲ့ အခြေခံသဘော အတူတူပဲ။ ဘာကြောင့်လဲဆိုရင် ဗြိတိသျှအစိုးရက ၁၉၃၄-၁၉၃၅ က ပြဋ္ဌာန်းထားခဲ့တဲ့ STAFF DUTY ကို အခြေခံမှီငြမ်းပြီး မိမိနိုင်ငံအလိုက် ပြန်လည်ဘာသာပြန် ရေးဆွဲခဲ့ကြတာမို့ပါပဲ။ ဆယ်နှစ်တစ်ခါလောက် ပြောင်းလဲနေတဲ့ မြေပြင်အခြေအနေ၊ ဖွဲ့စည်းပုံပြောင်းလဲမှုတွေကြောင့် ပြန်လည်သုံးသပ်ပြင်ဆင်ပြီး ခေတ်နဲ့အညီ လိုတိုး၊ ပိုရင်လျှော့၊ တည်းဖြတ်ကြလေ့ရှိပါတယ်။ အထက်ပါ တပ်မတော်အရာရှိကြီးများ (စစ်ဦးစီးအရာရှိ ပထမတန်း) ဒုတိယဗိုလ်မှူးကြီးများနဲ့ တစ်နှစ်ကြာ စစ်ဦးစီးတက္ကသိုလ်တစ်ခုမှာ အတူတကွ တက်ခဲ့ကြပါတယ်။ သူတို့ ဦးစီးတာဝန် STAFF DUTY တွေနဲ့ မိမိတို့မြန်မာ့တပ်မတော် ဦးစီးတာဝန်က အခန်းခွဲပုံ(Chapter) ခွဲပုံကအစ တူညီကြပါတယ်။ အနှစ်သာရကော၊ ဖွဲ့စည်းပုံပါ တော်တော် ဆင်တူကြကြောင်း တွေ့ရတယ်။ သူတို့က ဦးစီးတာဝန်ရဲ့မူရင်း ဗြိတိသျှရဲ့ ဦးစီးတာဝန်က မူရင်းမြစ်ဖျားခံတယ်ဆိုတာ မသိကြပါဘူး။ ဗြိတိသျှဗိုလ်မှူးရှေ့မှာ မိမိက မူလ STAFF DUTY (1935) အကြောင်း ရှင်းပြလိုက်တော့ သူတို့အံ့အားသင့်ကြတယ်။ သူတို့က ခုမှ မလေးရှားစစ်ဦးစီးတက္ကသိုလ်လာတက်ကြတာလေ။ မိမိက မြန်မာပြည် ဗထူးတပ်မြို့က စစ်ဦးစီးတက္ကသိုလ်မှာ ဆင်းခဲ့ပြီး ကလောမြို့ပြောင်းလာတဲ့ စစ်ဦးစီးတက္ကသိုလ်မှာ နည်းပြမှူးကြီးအဖြစ် "ဦးစီးတာဝန်"ဘာသာရပ်သင်ခန်းစာကို ပို့ချသင်ပြနေတဲ့ ဆရာလေ။

ဦးစီးတာဝန်ဆိုတာ တပ်မှာ ကွပ်ကဲသူများလက်စွဲကျမ်းပဲ။ မိမိခေါင်းဆောင်ရတဲ့ တပ်ရင်း၊ တပ်ဖွဲ့၊ တပ်မဟာ၊ တပ်မ စသည်တို့ကို အမိန့်စနစ်တကျပေးတတ်ရတယ်။ ညွှန်ကြားချက် တိတိကျကျပေးတတ်ရပါတယ်။

အမိန့်နဲ့ ညွှန်ကြားချက်က တူသလိုလိုပဲ။

အမိန့်မှာပါတဲ့ အကြောင်းအရာ ခေါင်းစဉ်တွေနဲ့ ညွှန်ကြားချက်မှာပါတဲ့ ခေါင်းစဉ်တွေက ဆင်တူကြတယ်။ သို့သော် လုံးဝမတူကွဲပြားတဲ့အချက်ကြီးတစ်ခု ရှိပါတယ်။ ဒါကို သိတဲ့သူလည်း ရှိတယ်။ မသိတဲ့လူလည်း ရှိတယ်။ နားလည်ပြီး မှန်မှန်ကန်ကန် အမိန့်ပေးတတ်၊ ညွှန်ကြားချက်ပေးတတ်တဲ့ ခေါင်းဆောင်အရာရှိလည်းရှိတယ်။ ယောင်ဝါးဝါးနဲ့ မကွဲပြားသူလည်း ရှိပါတယ်။ ဦးစီးတာဝန် အခန်း (၈) နဲ့ အခန်း (၉) ပြည်ထဲရေးဝန်ကြီးဌာန ဦးစီးတာဝန်မှာတော့ အခန်း(၉) အမိန့်များ၊ အခန်း (၁၀) ညွှန်ကြားချက်များ၊ (ထားပါတော့၊ ရာထူးရွေးချယ်ရေးအဖွဲ့က ထုတ်ခဲ့တဲ့ ဦးစီးတာဝန်။ လမ်းစဉ်ပါတီက ဦးစီးတာဝန်စသဖြင့် တူတာ၊ ကွဲတာ ရှိကြပါတယ်။)

**အမိန့်မှာပါတဲ့ ယေဘုယျစာပိုဒ်ခေါင်းစဉ်များ**

**၁။ သတင်း**

(က) ရန်သူ

( ခ ) မိမိ

၂။ ရည်မှန်းချက် (ရမည်နဲ့ဆုံးရတယ်)

၃။ လုပ်နည်း

၄။ အုပ်ချုပ်မှု၊ ထောက်ပံ့ရေး

၅။ ဆက်သွယ်ရေး၊ ကွပ်ကဲမှု

**ညွှန်ကြားချက်မှာပါတဲ့ စာပိုဒ်ခေါင်းစဉ်များ**

၁။ အခြေအနေ

၂။ ရည်ရွယ်ချက်(ရန်ဆိုပြီးအဆုံးသတ်ရမယ်)

၃။ လုပ်နည်း

၄။ အုပ်ချုပ်မှု၊ ထောက်ပံ့ရေး

၅။ ဆက်သွယ်ရေး၊ ကွပ်ကဲမှု

အမိန့်အမျိုးမျိုးရှိတာပေါ့။ (What to do)

၁။ တည်မြဲအမိန့်

၂။ သာမန်အမိန့်

၃။ ရွှေ့ပြောင်းရေးအမိန့်

၄။ သတိပေးအမိန့်(စသဖြင့် စသဖြင့်)

အဓိကမှာ တိကျတယ်။ ဘာလုပ်ရမှာလဲ တိကျတယ်။ ညွှန်ကြားချက်က ဘာလုပ်ရန်ဆိုတာ ပါပေမယ့်လည်း ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားချက်ထဲမှာ မပါဘူး၊ ဘာလို့လဲ။ အဓိကမှာ လွတ်လပ်စွာ ဖန်တီးခွင့် လုပ်ပိုင်ခွင့်တွေပေးထားတာ။ မင်းကြိုက်သလိုသာလုပ်ပါ။ သံပုံးနဲ့ထမ်းထမ်း၊ ပလတ်စတစ်အိတ်နဲ့ထည့်ထည့်၊ ဝါးခုတ်ပြီး ဝါးဆစ်ဘူးနဲ့ သယ်ချင်လည်းရတယ်။

ညွှန်ကြားချက်မှာ ဘယ်ပုံဘယ်နည်းလုပ်ရမယ်လို့ စည်းနှောင်ကန့်သတ်မထားခြင်းက မင်းဘာသာအခြေအနေကြည့်လုပ်ပေတော့၊ တက်သာ၊ ဆုတ်သာ "အရှင်သဘော" ညွှန်ကြားတာလေ။ လက်အောက်ကို ရွေးချယ်ပိုင်ခွင့်၊ ဖန်တီးနိုင်ခွင့် လွှဲပေးတာခင်ဗျ။ ညွှန်ကြားချက်လည်း အမျိုးမျိုးရှိပေမယ့် ယေဘုယျစာပိုဒ်ခါင်းစဉ်တွေကတော့ (တင်း၊ ရည်၊ လုပ်၊ အုပ်၊ ဆက်) အမိန့်လိုပါပဲ။ ကွဲပြား (ထူးခြားတာက) ရမည်အစား ရန်လို့ ရည်ရွယ်ချက်၊ လိုလားချက်သာပေးပြီး နည်းလမ်းလွတ်လပ်ခွင့်(ရေပါတာပဲလိုချင်တယ်) ရေပါမှ ထမင်းချက်လို့ရမှာလေ၊ တပ်ခွဲထမင်းအိုးကျက်မှ ထမင်းစားကြရမှာလေ၊ ရေဘူးပေါက်လို့ ရေမခပ်ရင် ထမင်းအငတ်နေမလား။

ကြာဖက်နဲ့ခပ်ခဲ့လည်းရတယ်။

ဝါးပိုးဝါး၊ ဝါးဆစ်တွေနဲ့ ထမ်းလည်းရတယ်။

လိုလျှင်ကြံဆ နည်းလမ်းရ။ ကြိုးစားကြရမှာလေ။

အချို့အချက်တွေက လုံခြုံရေးသဘောကန့်သတ်အဆင့်မို့ ပြည့်စုံအောင် ဖော်ပြခွင့်မရှိလို့ ဤမျှသာ ရှင်းပြခွင့်ရှိပါတယ်။ ရေဘူးပေါက်တာ မလိုချင်ဘူး ရေပါအောင်ယူခဲ့ဆိုတာ ကွပ်ကဲမှု၊ စီမံမှု၊ အုပ်ချုပ်မှု တာဝန်ခံရသူက ပေးရစမြဲ အမိန့်တို့ ညွှန်ကြားချက်တို့ပါပဲဆိုတာ သဲသဲကွဲကွဲ သဘောပေါက်နိုင်လောက်ပါတယ်၊

တစ်သဝေမတိမ်း လိုက်နာစေရတဲ့ အမိန့်က နာခံမှု (Obedience) ကို တောင်းဆိုတယ်။

ကြံဆဖန်တီးပြီး လုပ်ဆောင်ခွင့်ရစေတဲ့ ညွှန်ကြားချက်က (Initiative) ထိုးထွင်းတီထွင်မှုကို အားပေးယုံကြည်တာဖြစ်ပါတယ်။ အပြစ်မြင်စရာ မဟုတ်ပါ။

ဘဝတစ်လျှောက်လုံးအတွက် ကွပ်ကဲသူဘဝ၊ လိုက်နာရသူဘဝ၊ ဘယ်အခြေအနေဖြစ်စေ၊ တာဝန်ကျေပါစေ၊ တာဝန်ပျက်ကွက်ဖီဆန်မှု (Disobedient Movement) ဘယ်သောခါမှ မပြုမိစေနဲ့နော်။ ဘဝပျက်တတ်တာမို့ပါ။

❖ ရေပါမှ ထမင်းချက်လို့ရမှာလေ၊ တပ်ခွဲထမင်းအိုးကျက်မှ ထမင်းစားကြရမှာလေ၊ ရေဘူးပေါက်လို့ ရေမခပ်ရင် ထမင်းအငတ်နေမလား။ ကြာဖက်နဲ့ခပ်ခဲ့လည်းရတယ်။ ဝါးပိုးဝါး၊ ဝါးဆစ်တွေနဲ့ ထမ်းလည်းရတယ်။ လိုလျှင်ကြံဆ နည်းလမ်းရ။ ကြိုးစားကြရမှာလေ။ အချို့အချက်တွေက လုံခြုံရေးသဘောကန့်သတ်အဆင့်မို့ ပြည့်စုံအောင် ဖော်ပြခွင့်မရှိလို့ ဤမျှသာရှင်းပြခွင့်ရှိပါတယ်။ ရေဘူးပေါက်တာ မလိုချင်ဘူး ရေပါအောင်ယူခဲ့ဆိုတာ ကွပ်ကဲမှု၊ စီမံမှု၊ အုပ်ချုပ်မှု တာဝန်ခံရသူက ပေးရစမြဲ အမိန့်တို့ ညွှန်ကြားချက်တို့ပါပဲဆိုတာ သဲသဲကွဲကွဲ သဘောပေါက်နိုင်လောက်ပါတယ်။ ❖

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၂၀၁ ဧကစိုက်ပျိုးမည်



ယခင်နှစ်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၂၀၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် လျှော်ဖြူ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၆၁၇ ဧကနှင့်ကျွန်းလှမြို့နယ်တွင် ၅၈၄ ဧက စုစုပေါင်း ၁၂၀၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ လျှော်ဖြူ ၁၂၀၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ လျှော်ဖြူက ရေငတ်ဒဏ်ကို ခံနိုင်ပါတယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်ပါတယ်။ အပူပိုင်းဒေသမှာ ပေါက်တဲ့အပင်မျိုးလဲ ဖြစ်ပါတယ်။ မိုးရေချိန်နည်းပါးပြီး ကျောက်စရစ်ကုန်းလိုမြေမျိုးတွေမှာတောင် လျှော်ဖြူကို စိုက်ပျိုးလို့ရပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနမှ တွန်းအားပေးစည်းရုံးနေပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် စိုက်ခင်းမှထွက်ရှိလာသောလျှော်ဖြူကို GAP နည်းစနစ်ဖြင့်စိုက်သည့် လက်မှတ်ထုတ်ပေးမည်ဖြစ်ကာ ဓာတုလျှော့ချထားသည့် လျှော်ဖြူများသည် အခြားသောလျှော်ဖြူထက် ဈေးကွက် ပိုမိုခိုင်မာလာနိုင်ကြောင်း သိရသည်။

ထို့ပြင် လျှော်ဖြူအထွက်နှုန်းတိုးပွားရေးနှင့် လျှော်ဖြူဈေးကွက်ဝင်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကုန်သည်ကြီးများအသင်းနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် ဒါဝါလော်ချီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**သံတောင်ကြီး ဇွန် ၁၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်မည့် ဒါဝါလော်ချီးကျေးရွာအုပ်စု ဒါဝါလော်ချီးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၄ ရက်က အဆိုပါကျေးရွာ ရွာလယ်ခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများ သဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

ဒါဝါလော်ချီးကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# မိုးနှင့်အပြိုင်

- ဝသန်ကာလ မိုးဖြိုင်ကျ  
စိမ်းမြစိုလွင် တောတောင်ခွင်  
ရှုမြင်ပါရ ကြည်နူးစွ  
လှတယ်လေ့ လှတယ်လေး။

- ဦးကြီးတို့မှာ လွန်ဝမ်းသာ  
လယ်ယာထွန်ယက် နွားနှင့်ဖက်  
ပြည်တွက်စိုက်ပျိုး လုပ်အားတိုး  
ကြိုးတယ်လေ့ ကြိုးတယ်လေး။

- မိုးလေဝသ သာယာမှ  
ပိုက်ချပြင်ကာ မြစ်ချောင်းမှာ  
တံငါတစ်သင်း ငါးရှာရင်း  
ဆင်းတယ်လေ့ ဆင်းတယ်လေး။

- ကျောင်းသား ကျောင်းသူ ချစ်ကြည်ဖြူ  
စိမ်းဖြူဝတ်ဆင် ပညာသင်  
နောင်တွင်အောင်ပန်း ဘဝလမ်း  
လျှမ်းတယ်လေ့ လျှမ်းတယ်လေး။

- မိုးရွာနေပူ မငြင်းမူ  
ညီတူလုပ်အား တို့အများ  
တိုင်းကားပြည်ရွာ စည်ဝေဖြာ  
သာတယ်လေ့ သာတယ်လေး။

- ချိန်ခါမလင့် ရွက်ကုန်ဖွင့်  
မိုးနှင့်အပြိုင် လုံ့လမြိုင်  
ကြံ့ခိုင်စိတ်များ လက်ကိုင်ထား  
ပွားတယ်လေ့ ပွားတယ်လေး။ ။

ညွန့်ဝင်း(နတ်တလင်း)

# နိုင်ငံတကာ သတင်းများ

## အမြောက်ဆန်များ ထုတ်လုပ်မှုမြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တိုက်တွန်း

**ပြုံယမ်း ဇွန် ၁၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကာကွယ်ရေး စက်မှုလုပ်ငန်းများကို ဇွန် ၁၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကေစီအင်န်အေသတင်းဌာန၏ အဆိုအရ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်သည် ဇွန် ၁၃ ရက်တွင် စစ်လက်နက် ထုတ်လုပ်ရေး လုပ်ငန်းများကို စစ်ဆေးခဲ့ပြီး ခေတ်သစ်စစ်ပွဲများနှင့်ကိုက်ညီသည့် အမြောက်ဆန်များထုတ်လုပ်မှုကို မြှင့်တင်ရန် တိုက်တွန်းခဲ့သည်။

မိမိတို့အနေဖြင့် ခေတ်သစ်စစ်ပွဲများနှင့် ကိုက်ညီသော အမြောက်ဆန်များမြှင့်တင်ထုတ်လုပ်မည်ဆိုပါက ထုတ်လုပ်မှုအင်အားစုများကိုလည်း တိုးချဲ့ရန်လိုကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့်နှစ်အတွင်း လက်နက်ကိုင်တပ်များ အင်အားခိုင်မာရေးကို အဓိကထားကြိုးပမ်းလာခဲ့ပြီး ရုရှားနိုင်ငံနှင့်လည်း ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ကျင်းပခဲ့သော စစ်သင်္ဘောသစ်ရေချပွဲတွင်လည်း ကိုယ်တိုင်ပါဝင်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် မဟာမိတ်ရုရှားနိုင်ငံကို ယူကရိန်းပဋိပက္ခ၌ အသုံးပြုရေးအတွက် လက်နက်ခဲယမ်းများ အမြောက်အမြားပေးပို့ခဲ့ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားထားသည်။

Ref : RT

Trs : KKO



## ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့ မိနစ် ၅၀ ကြာ ဖုန်းခေါ်ဆိုဆွေးနွေး



**မော်စကို ဇွန် ၁၅**

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် ဇွန် ၁၄ ရက်တွင် မိနစ် ၅၀ ကြာ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော် တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၁၄ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့သည် အီရန်နှင့် အစ္စရေးတို့ကြား ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများပြဿနာကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်သည် အီရန်နိုင်ငံအား အစ္စရေးနိုင်ငံက စစ်ရေးအရတိုက်ခိုက်ခဲ့မှုကို ဝေဖန်ရှုတ်ချခဲ့ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် အရှေ့အလယ်ပိုင်းဒေသပြဿနာများကို အဓိကထားဆွေးနွေးခဲ့ပြီး ယူကရိန်းပဋိပက္ခကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားထားသည်။

အစ္စရေးနှင့် အီရန်တို့အနေဖြင့် လက်ရှိဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများရပ်တန့်ကြရန် ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့က ဇွန် ၁၄ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲ၌ တောင်းဆိုခဲ့ကြသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်သည် သမ္မတဒေါ်နယ်ထရန့်၏ ၇၉ နှစ်ပြည့်မွေးနေ့အတွက် ဆုတောင်းစကားလည်း ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်း

**တီဟီရန် ဇွန် ၁၅**

အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသော ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်၌ ထုတ်လုပ်မှုလုပ်ငန်းများ တစ်စိတ်တစ်ပိုင်းရပ်ထားရကြောင်း အီရန်အစိုးရမီဒီယာများက ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံသည် ဇွန် ၁၃ ရက်တွင် အီရန်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများပြင်းထန်စွာပြုလုပ်ခဲ့သော်လည်း အီရန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို တိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် ဇွန် ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် စစ်ရေးပဋိပက္ခများ၌အစ္စရေးနိုင်ငံသည် ဆောက်သ်ပါးစ် သဘာဝဓာတ်ငွေ့လုပ်ကွက်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယင်းလုပ်ကွက်၌ ထုတ်လုပ်ရေးလုပ်ငန်းများ တစ်စိတ်တစ်ပိုင်း ရပ်ထားရကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် ကာတာနိုင်ငံတို့ ပူးတွဲပိုင်ဆိုင်သော ဆောက်သ်ပါးစ် သဘာဝဓာတ်ငွေ့ လုပ်ကွက်သည် ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက်များထဲတွင် ပါဝင်သည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်၌ အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် သဘာဝဓာတ်ငွေ့တတိယအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

အီရန်နိုင်ငံသည် နှစ်စဉ် သဘာဝဓာတ်ငွေ့ပမာဏ ကုဗမီတာ ၂၅၇ ဘီလီယံ သို့မဟုတ် ကမ္ဘာ့သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုစုစုပေါင်း၏ ၆ ဒသမ၅ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## မင်နီဆိုတာပြည်နယ်၌ လွှတ်တော်အမတ်များကို သေနတ်သမားတစ်ဦး ပစ်ခတ်တိုက်ခိုက်

**နယူးယောက် ဇွန် ၁၅**

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်၌ သေနတ်သမားတစ်ဦးက ပြည်နယ်လွှတ်တော်အမတ်များကို ဇွန် ၁၄ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးပြည်နယ်လွှတ်တော်အမတ်တစ်ဦးနှင့်ခင်ပွန်းဖြစ်သူတို့ သေဆုံးခဲ့ရသည်။

အသက် ၅၇ အရွယ် ဗင့်ခ်လူသာဘိုအပစ်တာအမည်ရှိ အဆိုပါသေနတ်သမား၏ပစ်ခတ်မှုကြောင့် အခြားပြည်နယ်လွှတ်တော်အမတ်တစ်ဦးနှင့်ဇနီးဖြစ်သူတို့ဒဏ်ရာရရှိခဲ့ကြောင်း မင်နီဆိုတာပြည်နယ် အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့ဇ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သေနတ်သမားသည် အသတ်ခံခဲ့ရသည့် မင်နီဆိုတာပြည်နယ် အမျိုးသမီးလွှတ်တော်အမတ်မီလီဆာဟော့မင်၏နေအိမ်၌ ရဲတပ်ဖွဲ့ကို ခုခံပစ်ခတ်ခဲ့ပြီးနောက် ထွက်ပြေးလွတ်မြောက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် လွတ်မြောက်နေသည့် သေနတ်သမားကို မင်နီဆိုတာ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)တို့က မင်နီယာပိုလစ်မြို့နှင့် ဝန်းကျင်နယ်မြေများ၌ ရှာဖွေလျက်ရှိသည်။

မင်နီဆိုတာပြည်နယ်လွှတ်တော်အမတ်များ သေနတ်ဖြင့်ပစ်ခတ်ခံရမှုကို နိုင်ငံရေးပယောဂမကင်းသည့်လုပ်ကြံမှုအဖြစ် ပြည်နယ်အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့ဇ်က ဝေဖန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရက်နှင့်ဘီယာကို ၉၀ ရာခိုင်နှုန်းအခွန်တိုးမြှင့်ရန် ဗီယက်နမ်အမျိုးသားလွှတ်တော်အတည်ပြု

**ဟန္နိုင်း ဇွန် ၁၅**

အရက်ဘီယာ များအပေါ် သတ်မှတ်ထားသည့် အထူးစားသုံးခွန်ကို ၂၀၃၁ ခုနှစ်အရောက်တွင် ၉၀ ရာခိုင်နှုန်းထိ မြှင့်တင်ကောက်ခံရန် ဗီယက်နမ်အမျိုးသားလွှတ်တော်က ဇွန် ၁၄ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ဗီယက်နမ်လွှတ်တော်အမတ်များအတည်ပြုခဲ့သည့် အထက်ပါ အဆိုပြုချက်အရ ဘီယာနှင့်အရက်တို့အပေါ် လက်ရှိသတ်မှတ်ထားသည့် စားသုံးခွန်ကို ၂၀၂၇ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းထိ မြှင့်တင်မည်ဖြစ်ပြီး ၂၀၃၁ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်တွင် အရက်နှင့်ဘီယာများအပေါ် စားသုံးခွန်အဖြစ် ၆၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားသည်။

အရက်သေစာ သောက်စားမှုကို ထိန်းချုပ်ရေးအတွက် အရက်နှင့်ဘီယာများကို စားသုံးခွန်စည်းကြပ်မှုမြှင့်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ပြောကြားထားသည်။

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး ဘီယာဈေးကွက်ဖြစ်သည်။

သို့ရာတွင် ဗီယက်နမ်အစိုးရက ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အရက်သေစာသောက်စား၍ယာဉ်မောင်းနှင်မှုပိတ်ပင်ရေး ဥပဒေကြောင့်ဗီယက်နမ်အခြေစိုက်ဘီယာကုမ္ပဏီများမှာ အမြတ်အစွန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Ax-4 မစ်ရှင်ဖြင့် ပုဂ္ဂလိကအာကာသယာဉ်မှူးလေးဦး နိုင်ငံတကာအာကာသစခန်းပို့ဆောင်မည့်အစီအစဉ်ကို အကန့်အသတ်မရှိဆိုင်းငံ့ထား



**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space–X ကုမ္ပဏီသည် Ax–4 မစ်ရှင်ဖြင့် ပုဂ္ဂလိကအာကာသယာဉ်မှူးလေးဦးကို နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်မည့် အစီအစဉ်ကို အကန့်အသတ်မရှိ ဆိုင်းငံ့ထားကြောင်း ဇွန် ၁၄ ရက် သတင်းများအရ သိရသည်။

Space–X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံ လောင်စာယိုစိမ့်မှုပြဿနာကြောင့် ဆိုင်းငံ့ထားရသော Ax–4 မစ်ရှင်ကို ယခုရက်ပိုင်းအတွင်း လွှတ်တင်ရန် ရည်ရွယ်ထားသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်း ဇက်ဇဒါပင်မ ကိုယ်ထည်၌ ဖြစ်ပွားနေသည့် ခေတ်ငွေ့ယိုစိမ့်မှုပြဿနာကြောင့် Ax–4 မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း Space–X ကုမ္ပဏီက ဇွန် ၁၃ ရက်တွင် ကြေညာထားသည်။

Space–X ကုမ္ပဏီသည် Ax–4 မစ်ရှင်ကို လွှတ်တင်ရန် ဇွန် ၁၂ ရက်တွင် ကြိုးပမ်းခဲ့သော်လည်း ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ဒုံးယာဉ် ခေတ်ငွေ့ယိုစိမ့်မှုကြောင့် အစီအစဉ်ပျက်ပြားခဲ့ရသည်။

Space–X ကုမ္ပဏီသည် Ax–4 မစ်ရှင်အရ ပုဂ္ဂလိက အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများသည် ဇက်ဇဒါပင်မ ကိုယ်ထည် ခေတ်ငွေ့ယိုစိမ့်မှုနှုန်းကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## နိုင်ငံတကာ သိပ္ပံပညာရှင်များက ကမ္ဘာဦးကပ်ပါးမှိုမျိုးစိတ်သစ်နှစ်မျိုးကို သက်တမ်းနှစ်သန်း ၁၀၀ ခန့်ရှိ မြန်မာ့ပယင်းကျောက်အတွင်း ရှာဖွေတွေ့ရှိ

**ပေကျင်း ဇွန် ၁၅**

တရုတ် သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကမ္ဘာဦးကပ်ပါးမှိုမျိုးစိတ်သစ်နှစ်မျိုးကို သက်တမ်းနှစ်သန်း ၁၀၀ ခန့်ရှိ မြန်မာ့ပယင်းကျောက်အတွင်း ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၄ ရက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ ကချင်ပြည်နယ်မှ ရရှိသော ပယင်းကျောက်အတွင်း တွေ့ရှိထားရသော ကပ်ပါးမှိုမျိုးစိတ်နှစ်မျိုးမှာ Ophiocordy–ceps အုပ်စုဝင် ကပ်ပါးမှိုမျိုးစိတ်များဖြစ်ကြောင်း သိရသည်။

အဆိုပါကပ်ပါးမှိုမျိုးစိတ်သစ်များသည် ခရီတေးစီးယပ်စ်ဘူမိခေတ်အတွင်း ကပ်ပါးမှိုများနှင့် အင်းဆက်ပိုးမွှားများ ယှဉ်တွဲဆင့်ကဲပြောင်းလဲပုံကို လေ့လာရာတွင် အရေးကြီးသည့် အထောက်အထားတစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ကပ်ပါးမှိုများ၏ဖွဲ့စည်းပုံမှာ မာကျောမှု မရှိခြင်းကြောင့် အလွယ်တကူ ပုပ်သိုးဆွေးမြည့်သွားတတ်သည်ဖြစ်ရာ ကပ်ပါးမှိုကျောက်ဖြစ် ရုပ်ကြွင်းများမှာ အလွန်ရှားပါးလှသည်။

သို့ရာတွင် မြန်မာ့ပယင်းကျောက်အတွင်းရှိ ခရီတေးစီးယပ်စ် ဘူမိခေတ် ကပ်ပါးမှိုနှစ်မျိုး၏ ဖွဲ့စည်းပုံမှာ အကောင်းပကတိ ကျန်ရှိနေဆဲဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

မြန်မာ့ပယင်းကျောက်များထဲတွင် လွန်ခဲ့သော နှစ် ၉၉ သန်းကာလ ခရီတေးစီးယပ်စ်ဘူမိခေတ်အပင်များ၊ အင်းဆက်များနှင့်အခြားသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရတတ်သည်။

Ref : Xinhua News

Trs : KKO

## အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနားစွန်း၌ မီးတောင်တစ်လုံးတည်ရှိနေမှုကို အမေရိကန်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့

**ဝါရှင်တန် ဇွန် ၁၅**

အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနားစွန်း၌ မီးတောင်တစ်လုံးတည်ရှိနေမှုကို အမေရိကန်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဇွန် ၁၄ ရက်သတင်းများအရ သိရသည်။

အဆိုပါ မီးတောင်နယ်မြေကို ဂျီဇီးရိုးမွန်းစ်မီးတောင်ဟူ၍ ဂျော်ဂျီယာ နည်းပညာတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ဂျီဇီးရိုးမွန်းစ် မီးတောင်သည် အရွယ်အစားအားဖြင့် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်း၏ ထက်ဝက်မျှရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ရှိနေသော နာဆာအဖွဲ့၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏ အကူအညီဖြင့် ဂျီဇီးရိုးမွန်းစ်ကို အင်္ဂါဂြိုဟ်မီးတောင်နယ်မြေသစ်အဖြစ်အတည်ပြုနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ဂျီဇီးရိုးမွန်းစ် မီးတောင်နယ်မြေကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ်၏ ဘူမိလှုပ်ရှားမှုသမိုင်းကြောင်းကို ဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ပထမဆုံးကြုံတွေ့ခဲ့ရသည့် ကျောက်သားများမှာ မီးတောင်ကျောက်သားများဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## Mini Pill ပဋိသန္ဓေတားဆေးသုံးစွဲသူများ၌ ဦးနှောက်အကျိတ်ပေါ်ထွက်နိုင်ခြေ ရှိလာနိုင်

**ပဲရစ် ဇွန် ၁၅**

ပဋိသန္ဓေတားဆေး တစ်မျိုးသုံးစွဲနေကြသည့် အမျိုးသမီးများ၌ ဦးနှောက်အတွင်း အကျိတ်ပေါ်ထွက်နိုင်ခြေ ရှိလာနိုင်ဖွယ်ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ပရိုဂျက်စတာရုန်း (Progest–erone)ထည့်သွင်းထားသည့် Mini Pill ခေါ် နေ့စဉ်သောက်ပဋိသန္ဓေတားဆေးများသည် အမျိုးသမီးသန်းပေါင်းများစွာတို့ သုံးစွဲနေကြရသည့် ဆေးများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် Mini Pill ပဋိသန္ဓေတားဆေးများကို ငါးနှစ်ကျော်ကြာထိ သုံးစွဲခဲ့သူ အမျိုးသမီးများတွင် Meningioma ခေါ် ဦးနှောက်အကျိတ်ပြဿနာပေါ်ထွက်နိုင်ခြေမြင့်မားနေတတ်ကြောင်း ပြင်သစ်သုတေသန ပညာရှင်များက ပြောကြားသည်။

Meningioma အကျိတ်များကြောင့် ကင်ဆာရောဂါမဖြစ်ပွားနိုင်သော်လည်း အကျိတ်အရွယ်အစား ကြီးလာပါက ဦးနှောက်အပေါ် ဖိအားသက်ရောက်လာတတ်ပြီး ခေါင်းကိုက်ခြင်း၊ သတိလစ်ခြင်း၊ အမြင်အာရုံနှင့် မှတ်ဉာဏ်ပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် Mini Pill များကြောင့် Meningioma ပြဿနာပေါ်နိုင်ခြေမှာ ရာနှုန်းအားဖြင့် အလွန်နည်းပါးနေဆဲဖြစ်ရာ အမျိုးသမီးများအနေဖြင့် Mini Pill များနှင့်ပတ်သက်၍ စိုးရိမ်ရန်မရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များသည် Mini Pill ဆေးသုံးစွဲသူ အမျိုးသမီး ၈၀၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှုမြန်လာပါက Dementiaနှင့် လေဖြတ်မှုတို့ဖြစ်ပွားနိုင်ခြေ မြင့်မား

**နယူးယောက် ဇွန် ၁၅**

ဆဲလ်များ၏ ဇီဝသက်တမ်း အိုမင်းမှု ပိုမိုမြန်ဆန်လာမှုသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှု၊ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဇွန် ၁၄ ရက် သတင်းများအရသိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာမှုသည် Dementia ရောဂါနှင့် လေဖြတ်မှုတို့ဖြစ်ပွားနိုင်ခြေနှင့် ဆက်စပ်နေတတ်ကြောင်း သိရသည်။


အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၃၀၀၀၀၀ ကျော်တို့၏ မျိုးဗီဇမှတ်တမ်းများကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာသူများ၌ Dementia ဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့မှာ ပုံမှန်ထက် ၁၁ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆဲလ်များ၏ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်နေသော်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့်ဘဝနေထိုင်မှုပုံစံကျင့်သုံးသူများတွင်မူ အထက်ပါ ဦးနှောက်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ နည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## စပါးအသင်းက မက်သီတဲလ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူ

လန်ဒန် ဇွန် ၁၅

စပါးအသင်းသည် အသင်းတွင် အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် ဘိုင်ယန်မြူးနစ်အသင်း လူငယ်ကစားသမား မက်သီတဲလ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

မက်သီတဲလ်သည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဘိုင်ယန်မြူးနစ်အသင်းမှ စပါးအသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်မည့် စာချုပ်ပါရှိသော်လည်း စပါးအသင်းက ပြောင်းရွှေ့ကြေး များပြားနေမှုကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆွေးနွေးခဲ့ရာ ပြောင်းရွှေ့ကြေးလျှော့ချပေးခဲ့ပြီး ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် မက်သီတဲလ်သည် ပြင်သစ် ယူ-၂၁ အသင်းနှင့် ပူးပေါင်းလျက်ရှိနေပြီး မကြာမီ စပါးအသင်းနှင့် ၂၀၃၁ ခုနှစ်ထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၀ ရှိ လူငယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး သုံးဂိုးထိသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နည်းပြသစ် ဖရန့်ရောက်ရှိလာချိန်တွင် ၎င်းကို အပြီးသတ်ခေါ်ယူရန် ဆုံးဖြတ်ချက်ချခဲ့သဖြင့် အသင်းအနေဖြင့် ယခုနွေရာသီ ပထမဆုံး ကစားသမားခေါ်ယူမှုပြုလုပ်နိုင်ခဲ့သည်။

မက်သီတဲလ်သည် အသက် ၁၆ နှစ်ကတည်းက လီဂူးကလပ် ရင်းနက်အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး အသင်းတွင် ပွဲကစားခွင့်ပေးရန် အခက်အခဲရှိလာသဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက စပါးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



## IBF စူပါလိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်တွင် ဟစ်ချင်က ဩစတြေးလျလက်ဝှေ့သမား ကမ်ဘိုဆော့ကို အနိုင်ရရှိ



နယူးယောက် ဇွန် ၁၅

IBF စူပါလိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဟစ်ချင်က စိန်ခေါ်သူ ဩစတြေးလျ လက်ဝှေ့သမား ကမ်ဘိုဆော့နှင့် ယနေ့တွင် နယူးယောက်မြို့၌ ထိုးသတ်ခဲ့ရာ ဟစ်ချင်က ဒိုင်ပွဲရပ် ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိ ချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ဟစ်ချင်သည် ရှစ်ချီမြောက်တွင် ကမ်ဘိုဆော့အား လဲကျအောင် ထိုးသတ်နိုင်ခဲ့ပြီး ကြိုးဝိုင်းဒိုင်က ကမ်ဘိုဆော့အား ဆက်လက် ထိုးသတ်ခွင့်မပြုတော့သည့်အတွက် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ဟစ်ချင်က လက်ရှိကမ္ဘာ့ချန်ပီယံဆုအား ကာကွယ်သွားနိုင်ခဲ့သည်။

IBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ ကမ်ဘိုဆော့အနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်အား ပြန်လည်ရယူနိုင်ရေးအတွက် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း ဟစ်ချင်က အဘက်ဘက်မှ အသာစီးရယူကာ ချန်ပီယံနှင့် ထိုက်တန်ကြောင်းကို ပြသနိုင်ခဲ့သည်။

ဟစ်ချင်သည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ပြီး ကမ်ဘိုဆော့အနေဖြင့် ကမ္ဘာ့ချန်ပီယံအား ပြန်လည်စိန်ခေါ်ခွင့်ရရှိရေးအတွက် စိန်ခေါ်ပွဲများ ထပ်မံ ထိုးသတ်သွားရတော့မည့် အခြေအနေဖြင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ကမ်ဘိုဆော့သည် ဟစ်ချင်၏ ထိုးချက်ကြောင့် လဲကျသွားခဲ့သော်လည်း ဆက်လက်ထိုးသတ်ခွင့်ပြုရန် ကြိုးဝိုင်းဒိုင်ကို တောင်းဆိုခဲ့သော်လည်း အန္တရာယ်ရှိသည့်အတွက် ကမ်ဘိုဆော့၏ တောင်းဆိုချက်ကိုကြိုးဝိုင်းဒိုင်ကငြင်းဆန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အီရန်နိုင်ငံတွင် ပိတ်မိနေသည့် အင်တာမီလန်အသင်းကစားသမား မီဒီတာရီမီ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်

တီဟီရန် ဇွန် ၁၅

အင်တာမီလန်အသင်း တိုက်စစ်ကစားသမား မီဒီတာရီမီသည် အီရန်နိုင်ငံတွင် ပိတ်မိနေသည့်အတွက် အင်တာမီလန်အသင်းနှင့် ပူးပေါင်းနိုင်ခြင်း မရှိသောကြောင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်သွားမည်ဖြစ်ကြောင်း သိရသည်။

မီဒီတာရီမီသည် ယခုလအတွင်း နိုင်ငံတကာပွဲစဉ်များ ကစားရန်အတွက် အီရန်အသင်းထံ လာရောက်ပူးပေါင်းနေစဉ် အီရန်နှင့် အစ္စရေးတို့အနေဖြင့် စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေသည့်အတွက် အီရန်နိုင်ငံတွင် နိုင်ငံတကာ လေကြောင်းလိုင်းများကို ပိတ်ထားသည့်အတွက် ဒီမီတာရီမီ အနေဖြင့်လည်း အီရန်နိုင်ငံမှ ပြန်လည်မထွက်ခွာနိုင်သေးဘဲ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

မီဒီတာရီမီသည် အီရန်အသင်းနှင့်အတူ ယခုလအတွင်းကစားခဲ့သည့် နိုင်ငံတကာပွဲစဉ်များအဖြစ် ကာတာအသင်း၊ မြောက်ကိုရီးယားအသင်းတို့နှင့် ကစားခဲ့သည့်ပွဲစဉ်များတွင်ပါဝင်ကစားခဲ့ပြီး မြောက်ကိုရီးယားအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ရှိတွင် အီရန်နိုင်ငံ အစိုးရက နိုင်ငံအတွင်းရှိ နိုင်ငံတကာ လေကြောင်းလိုင်းများကို ပိတ်ပင်ထားသည့်အတွက် မီဒီတာရီမီအနေဖြင့် အသင်းနှင့် ပူးပေါင်းနိုင်ခြင်း မရှိသေးသောကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်ပြီး အီရန်နိုင်ငံအစိုးရက နိုင်ငံတကာ လေကြောင်းလိုင်းများကို ပြန်လည်ဖွင့်လှစ်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

မီဒီတာရီမီသည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃ ပွဲထိ ပါဝင်ကစားခဲ့ပြီး သုံးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ဂိုးဖန်တီးမှု ကိုးကြိမ်ထိပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

## ဘုန်းမောက်အသင်းက ရင်းနက်အသင်းခံစစ်ကစားသမား ထရက်ဖက်စ်ကို ခေါ်ယူရန် သဘောတူညီမှုရခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဇွန် ၁၅

ဘုန်းမောက် အသင်းသည် အသင်းခံစစ်ပိုင်းမှ ကာကက်ဇ် အနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သေချာနေသောကြောင့် ၎င်းနေရာတွင် အစားထိုးနိုင်မည့် ခံစစ်ကစားသမားထရက်ဖက်စ်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ယခုအခါကလပ်အသင်းနှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



ခံစစ်ကစားသမား ကာကက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ပြိုင်ပွဲစုံ ၃၈ ပွဲစလုံး ပါဝင်ကစားပေးနိုင်ခဲ့ပြီး ဘုန်းမောက်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် လီဗာပူးအသင်းက ဘောလုံးရာသီကုန်ဆုံးကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ယခုအခါ ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် ရောင်းချရန် သဘောတူညီခဲ့သောကြောင့် အသင်းအနေဖြင့် ရင်းနက်အသင်း ကစားသမား ထရက်ဖက်စ်ကို ၎င်း၏နေရာတွင် အစားထိုးရန် ခေါ်ယူခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘုန်းမောက် အသင်းသည် ထရက်ဖက်စ် အတွက် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်း ဖြင့်ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ပြီးနောက် မကြာမီ အသင်းနှင့် ဆေးစစ်မှုပြုလုပ်၍ ဆေးအောင်ပါက ငါးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းမောက်အသင်း သည် နည်းပြအီရာအိုလာ လက်ထက်တွင် ကစားပုံတိုးတက်လာခဲ့သည့်အပြင် လူငယ်ကစားသမားများကိုပါ မြေတောင်မြှောက်ပေးနိုင်ခဲ့သောကြောင့် ဆီမီညို၊ ဟူအီဆန်၊ ကာကက်ဇ်တို့ကဲ့သို့ ကစားသမားကောင်းများ ပေါ်ထွက်လာခဲ့ပြီး လက်ရှိတွင် ဟူအီဆန်က ရီးရဲလ်မက်ဒရစ်၊ ကာကက်ဇ်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

### အားကစားသတင်းအတိုအထွာများ

- ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် အယ်အာလီအသင်းနှင့် အင်တာမီယာမီအသင်းတို့ ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အယ်အာလီအသင်း ကစားသမား အက်ရှိုဝါအနေဖြင့် ပခုံးအရိုးကျိုးဒဏ်ရာကြောင့် ပြိုင်ပွဲနှင့် လွဲချော်မည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- မာဆေးနှင့် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုးထိ သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဂရင်းဝုဒ်က အသင်းတွင် ဘောလုံးရာသီတစ်ရာသီ ဆက်လက်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ဂိုးသမား မာတီနက်ဇ်ကိုခေါ်ယူရန် မဖြစ်နိုင်တော့သည့်မန်ယူအသင်းက ဂိုးသမားအိုနာနာကိုသာ လာမည့်ရာသီတွင် ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ML

# ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် နှစ်ဆင့်မြင့်တက်လာသည့် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့်(၁၆၀)၌ ရပ်တည်



ရန်ကုန် ဇွန် ၁၅

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)က အမျိုးသားလက်ရွေးစင်အသင်းများ၏ ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ကမ္ဘာ့အဆင့် (၁၆၀) နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နောက်ဆုံးကစားခဲ့သည့် နှစ်ပွဲဆက် အနိုင်ရရှိခဲ့ပြီးနောက် ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ၈ ဒသမ ၈၅ မှတ်မြင့်တက်လာခဲ့ပြီး စုစုပေါင်း ရမှတ် ၁၀၀၄ ဒသမ ၀၆ မှတ်ဖြင့် ကမ္ဘာ့အဆင့် နှစ်ဆင့်မြင့်တက်လာခဲ့ခြင်းဖြစ်ကာ ဇွန်လအတွင်း နိုင်ငံတကာပွဲစဉ်အများစု ကစားခဲ့ကြသည့်အတွက် အာဆီယံဇုန်တွင်လည်း ကမ္ဘာ့အဆင့်အပြောင်းအလဲများ ရှိလာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အမျိုးသားလက်ရွေးစင်အသင်းများ၏ ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာဆီယံဒေသတွင်း၌ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၀၁)ဖြင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၁၁၃)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၂၆)ဖြင့် အာဆီယံအဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၄၅)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၉)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၁၆၀)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၈၀)ဖြင့် အာဆီယံ အဆင့်(၈)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၈၃)ဖြင့် အာဆီယံအဆင့်(၉)၊ လာအိုအသင်းက ကမ္ဘာ့အဆင့် (၁၈၅) ဖြင့် အာဆီယံအဆင့်(၁၀) နှင့် တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့် (၁၉၅)ဖြင့် အာဆီယံအဆင့်(၁၁)နေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# အီတလီအသင်းက နည်းပြစပယ်လက်တီနေရာတွင် ဂတ်တူဆိုကို အစားထိုးခဲ့ဟုဆို

ရောမ ဇွန် ၁၅

အီတလီအသင်းသည် နည်းပြစပယ်လက်တီကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး အသင်းကွင်းလယ်ကစားသမားဟောင်း ဂတ်တူဆိုကို စပယ်လက်တီနေရာတွင် အစားထိုးရန်ဆုံးဖြတ်ခဲ့ကြောင်း ဘက်ဖွန်က ထုတ်ဖော်ပြောကြားခဲ့သည်။

အီတလီအသင်း အနေဖြင့် နည်းပြစပယ်လက်တီကို ခန့်အပ်ခဲ့ပြီး နှစ်နှစ်အကြာတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၌ နော်ဝေအသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် နည်းပြဂတ်တူဆိုကိုခန့်အပ်ရန် စီစဉ်ခဲ့ကြောင်း အီတလီဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် ဘက်ဖွန်က ပြောကြားခဲ့သည်။

ဘက်ဖွန်က "ဂတ်တူဆိုကို နည်းပြသစ်ခန့်အပ်ဖို့ လုပ်ဆောင်နေပါတယ်။ လက်ရှိမှာ အသေးစိတ်အချက်လက်တွေကို ထုတ်ပြန်နိုင်ဖို့ ခဏစောင့်ရမှာပါ။ အီတလီဘောလုံးအဖွဲ့ချုပ်အနေနဲ့ အခုရက်ပိုင်းမှာ အလုပ်များနေတာကြောင့် ဒီသတင်းကို ထုတ်ပြန်နိုင်ခြင်းမရှိသေးပေမဲ့ ဒါဟာ အီတလီအသင်းအတွက် အကောင်းဆုံးရွေးချယ်မှုပါ"ဟု ယူ-၂၁ ယူရိုပြိုင်ပွဲအပြီးတွင် RAI ရုပ်သံသတင်းဌာနနှင့် တွေ့ဆုံခဲ့ရာ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၄၇ နှစ်ရှိ ဂတ်တူဆိုသည် ၂၀၀၆ ခုနှစ်က အီတလီအသင်းကို ကမ္ဘာ့ဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီပေးခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်က နည်းပြလောကသို့ စတင်ဝင်ရောက်၍ ဆွစ်ဇာလန်ကလပ် ဆီယွန်အသင်းကို တာဝန်ယူခဲ့ကာ နည်းပြဘဝ ၁၂ နှစ်တာကာလအတွင်း နာပိုလီ၊ အေစီမီလန်၊ ဗလင်စီယာ၊ မာဆေး၊ ဖီအိုရင်တီးနား စသည့်ကလပ်အသင်း ကိုးသင်းကို ကြီးကြပ်ခဲ့ရာတွင် ဆုဖလားတစ်လုံးသာ ရယူနိုင်ခဲ့သော်လည်း အီတလီအသင်းက အတွေ့အကြုံကောင်းများရှိသည့် ၎င်းကို နည်းပြသစ်ခန့်အပ်ရန် ရွေးချယ်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML



# မြန်မာနိုင်ငံမှ စိုးလင်းဦးပါဝင်ထိုးသတ်မည့် ONE 173 ပြိုင်ပွဲကို ဂျပန်နိုင်ငံတွင် ကျင်းပသွားမည်

ရန်ကုန် ဇွန် ၁၅

မြန်မာဖိုက်တာ စိုးလင်းဦး တွဲဆိုင်းပါဝင်မည့် ONE 173 ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ၌ ပြောင်းလဲထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ONE Chapiomship သည် အစောပိုင်းက ONE 173 ပြိုင်ပွဲကို လာမည့် ဩဂုတ် ၁ ရက်တွင် အမေရိကန်နိုင်ငံတွင် ကျင်းပရန်အတွက် စီစဉ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲကို အပြောင်းအလဲလုပ်ဆောင်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Ariake Arena တွင်ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

ONE 173 ပြိုင်ပွဲကို အမေရိကန်နိုင်ငံအစား ဂျပန်နိုင်ငံတွင် ကျင်းပမည့်အကြောင်းကို ONE Chapiomship စီအီးအိုဖြစ်သည့် ချက်ထရီကိုယ်တိုင်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာတွင် အတည်ပြု ကြေညာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းကတည်းက ONE 173 ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသွားမည့် တွဲဆိုင်းများတွင် စိုးလင်းဦးအနေဖြင့် ဗြိတိန်ဖိုက်တာ ဟာရစ်ဆန်နှင့် ထိုးသတ်ရန်အတွက် အတည်ပြုထားသော်လည်း ဂျပန်နိုင်ငံတွင် ပြောင်းလဲကျင်းပမည့် တွဲဆိုင်းများကို အတည်ပြုထားခြင်း မရှိသေးသော်လည်း စိုးလင်းဦးအနေဖြင့် ဟာရစ်ဆင်နှင့်သာ ထိုးသတ်သွားဖွယ်ရှိနေသည်။

စိုးလင်းဦးသည် ONE Cham-piomship နှင့် စာချုပ်ချုပ်ဆိုကာ စတင် ထိုးသတ်ခဲ့ပြီးနောက် အစောပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရှုံးပွဲများနှင့်ရင်ဆိုင်နေရပြီး စုစုပေါင်း ခြောက်ပွဲထိုးသတ်ခဲ့ရာတွင် သုံးပွဲအနိုင်ရရှိခဲ့ပြီး သုံးပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူဖြစ်ကာ စိုးလင်းဦးနှင့် ထိုးသတ်မည့် ဟာရစ်ဆင်သည်လည်း ခြောက်ပွဲထိုးသတ်ခဲ့ရာ နှစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး လေးပွဲထိ ရှုံးနိမ့်ထားကြောင်း သိရသည်။

STA

# U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆမ်ဘန်းဆက်လက်ဦးဆောင်

ကော်ရင် ဇွန် ၁၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ကော်ရင်မြို့တွင်ကျင်းပနေသည့် U.S.Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဆမ်ဘန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းနှင့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား အာဒမ်စကော့တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲဝင်များ အနေဖြင့် တတိယနေ့ပြီးသည်ထိ ရလဒ်ကောင်းရရှိရေးအတွက် ခက်ခက်ခဲခဲကြိုးစားနေကြရသလို ရိုက်ချက်များလည်း ကွာဟမှုကျဉ်းမြောင်းနေပြီး ချန်ပီယံအဆုံးအဖြတ်အတွက် နောက်ဆုံးနေ့တွင် အကြိတ်အနယ် ယှဉ်ပြိုင်သွားရတော့မည်ဖြစ်သည်။

ဆမ်ဘန်းက "ကလေးဘဝကတည်းက U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ကြည့်ရှုအားပေးလာခဲ့ရသလို ဂေါက်သီးရိုက်လောကထဲ စဝင်လာကတည်းက အဓိကဆုဖလား တစ်လုံးတော့ ရအောင်ယူမယ်ဆိုတဲ့ ရည်မှန်းချက်ရှိတယ်။ ဒါကြောင့် နောက်ဆုံးနေ့မှာလဲ ပုံစံကောင်းကို ဆက်လက် ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# Stuttgart Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဂျာမနီကစားသမား ဇီရက်ဗ်တက်ရောက်



စတုဂတ် ဇွန် ၁၅

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် Stuttgart Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်သည် အမေရိကန် တင်းနစ်ကစားသမား ရှယ်လ်တန်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဇီရက်ဖ်က (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် ဇီရက်ဖ်သည် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး အောင်မြင်မှုရယူနိုင်ခြင်းမရှိသေးသော်လည်း Stuttgart Open တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်မည့်အခြေအနေကောင်းကို ပိုင်ဆိုင်ထားနိုင်ပြီဖြစ်သည်။

ဇီရက်ဖ်နှင့် ရှယ်လ်တန်တို့ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံးတွင် tie-break အဆင့်ထိ ကစားခဲ့ရသည်။

ဇီရက်ဖ်သည် ၂၀၁၇ ခုနှစ်နောက်ပိုင်း မြက်ကွင်းတွင်ကျင်းပသည့်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဖ်က "ဗိုလ်လုပွဲအဆင့်ကိုတက်ရောက်နိုင်ခဲ့လို့ အရမ်းဝမ်းသာပါတယ်။ ၂၀၁၇ ခုနှစ်နောက်ပိုင်း မြက်ကွင်းမှာ ကျင်းပတဲ့ပြိုင်ပွဲတွေမှာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်နိုင်ငံမှာ ကျင်းပတဲ့ပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရလို့လဲ ဂုဏ်ယူမိပါတယ်။ ဗိုလ်လုပွဲစဉ်အတွက် အကောင်းဆုံးပြင်ဆင်သွားမယ်။ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်ဟာ ကျွန်တော့်အတွက် တကယ်ကို ခက်ခဲစေခဲ့ပါတယ်။ ပွဲငယ်နှစ်ပွဲစလုံး tie-break အဆင့်ထိ ကစားခဲ့ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် သတိပြုစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ လူများသည် ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသောအချိန်မှ သာသိရှိကြသည်။ ကျန်းမာနေချိန်တွင် ဖြစ်သလို နေထိုင်စားသောက်ကြသည်။ လူတစ်ဦးသည် ကာံ၊ စိတ်၊ ဥတု၊ အာဟာရမျှတအောင် ပြုမူနေထိုင် စားသောက်နေမှသာလျှင် ကျန်းမာချမ်းသာပျော်ရွှင် သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ လူသား အားလုံး၏တောင့်တမှုသည် သက်ရှည်ကျန်းမာပြီး ကြွယ်ဝချမ်းသာစွာ နေထိုင်နိုင်ရေးပင်ဖြစ်သည်။ လက်ရှိအချိန်တွင် သွေးလွန်တုပ်ကွေးရောဂါသည် လူကြီး၊ လူငယ်အရွယ်စုံကို ခြိမ်းခြောက်လာလျက်ရှိသဖြင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံနေထိုင်သွားရန် လိုအပ်သည်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါသည် ဒင်ဂီးဗိုင်းရပ်စ်ပိုးကူးစက်ခြင်းကြောင့်ဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သည့် ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားသည်။ ထိုခြင်များ၏ ခန္ဓာကိုယ်တွင် အဖြူအစင်းကျားများပါရှိသည့်အတွက် ခြင်ကျားဟုခေါ်ခြင်းဖြစ်သည်။ ခြင်ကျားများသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ဖွားကြပြီး နေ့အခါတွင် လူများကိုကိုက်လေ့ရှိသည်။

အဆိုပါခြင်ကျား အကိုက်ခံရပါက ဒင်ဂီးအဖျားရောဂါ(Dengue Fever)၊ သွေးလွန်တုပ်ကွေး (Dengue Hemorrhagic Fever)နှင့် သွေးလန့်ခြင်း (Den-gue Shock Syndrome)ဟူသောရောဂါများ ဖြစ်ပွားတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၁၅ နှစ်အောက်တွင် အများဆုံးဖြစ်ပွားတတ်သော်လည်း ယခုအခါတွင် အသက်အရွယ်မရွေး ဖြစ်ပွားလျက်ရှိသည်။ ကျား၊ မ မရွေး တောရွာမြို့ပါ နေရာမရွေး ဖြစ်ပွားလေ့ရှိသော ရောဂါဖြစ်သည်။ တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်သည်။

**ရောဂါလက္ခဏာများ**

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများသည် ရောဂါပိုး သယ်ဆောင်ထားသည့်ခြင်ကိုက်ခံရပြီး ပျမ်းမျှလေးရက်မှ ခြောက်ရက်အကြာတွင် အောက်ပါလက္ခဏာများ ပြတတ်တွေ့ရှိရသည်။

ဒင်ဂီးအဖျား (Dengue Fever) ရောဂါတွင် ရုတ်တရက် လတ်တလောအဖျားတက်လာခြင်းနှင့် အတူခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ မစားချင်၊ မသောက်ချင်ဖြစ်ခြင်းနှင့် တစ်ခါတစ်ရံတွင် ခန္ဓာကိုယ်၌ အစက်အပြောက်များ ပေါ်လာခြင်းတို့ဖြစ်တတ်သည်။ ထို့ကြောင့် ပုံမှန်ရာသီအကူးအပြောင်းတွင်ဖြစ်တတ်သည့် တုပ်ကွေးရောဂါနှင့် ကွာခြားမှုမရှိသောကြောင့် များသောအားဖြင့် ဒင်ဂီးအဖျားမှန်းမသိလိုက်ကြပေ။ သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် စစ်ဆေးတိုင်းတာကြည့်ပါက လက်ဖျံတွင် အစက်အပြောက်များပေါ်လာသည်မှလွဲ၍ အခြားစိုးရိမ်ရသည့်လက္ခဏာများမရှိပါ။ မိဘအုပ်ထိန်းသူများအနေဖြင့် တုပ်ကွေးဖျား (အထူးသဖြင့် ကလေးသူငယ်များ) ဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ပေသည်။

သွေးလွန်တုပ်ကွေးရောဂါ (Dengue Hemor-rhagic Fever)နှင့် သွေးလန့်ခြင်း (Dengue Shock Syndrome) ဖြစ်ပွားပါက စိုးရိမ်ရသည့်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပြီး ၎င်းလက္ခဏာတစ်ခုခုတွေ့ရှိခဲ့လျှင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းခေါ်ဆောင် ပြသရန်လိုအပ်ပါသည်။

ခန္ဓာကိုယ်တွင်း သွေးယိုစီးသည့်အတွက်ကြောင့် ကော်ဖီမှုန့်ရောင်၊ အညိုရောင်အဖတ်အမျှင်လေးများပါသောအရည်များအန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးကြားသွေးထွက်ခြင်း၊ ခန္ဓာကိုယ်တွင် သွေးခြေဥသကဲ့သို့ အနီကွက်များပေါ်လာခြင်း၊ ကိုယ်အပူချိန် ရုတ်တရက်ကျဆင်းသွားခြင်း (များသောအားဖြင့် စဖျားသည့်ရက်မှ သုံးရက်မြောက်တွင် ဖြစ်တတ်သည်။) ရုတ်တရက်ဗိုက်အောင့်လာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သို့မဟုတ် အလွန်အမင်းမှိန်းလာခြင်း၊ ခြေဖျား၊ လက်ဖျားများ အလွန်အမင်းအေးစက်ခြင်း၊ သွေးပေါင်အလွန်ကျဆင်းခြင်း၊ နောက်ဆုံးတွင် တိုင်းတာ၍မရသည့်အခြေအနေဖြစ်ခြင်း၊ အပေါ်သွေး၊ အောက်သွေး ခြားနားချက်သည် ၂၀ မီလီမီတာမာကျူရီ သို့မဟုတ် ထို့ထက်နည်းခြင်း၊ အစာနှင့်ရေ မဝင်နိုင်လောက်အောင် အဆက်မပြတ်အန်ခြင်းတို့ဖြစ်ပြီး ကလေးကိုယ်အပူချိန်ကျဆင်းသွား၍ မှိန်းလျှင်၊ အိပ်နေလျှင် အန္တရာယ်ရှိသောအခြေအနေဖြစ်နိုင်ပါသည်။

**ကုသမှုနည်းလမ်းများ**

ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် အောက်ဖော်ပြပါအတိုင်း စနစ်တကျစောင့်ကြည့်ကုသမှုများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

ဂရုတစိုက်ကြည့်ရှုခြင်း (သွေးပေါင်မှန်မှန်ချိန်ခြင်း၊ ကလေးအခြေအနေ စောင့်ကြည့်ခြင်း)၊ ကိုယ်အပူချိန်အတွက် ပါရာစီတမောအရည် (Paracetamol) တိုက်ကျွေးခြင်းနှင့် ရေဖတ်တိုက်ပေးခြင်း၊ အရည်ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်သဖြင့် ဓာတ်ဆားရည်သောက်ခြင်း၊ အသီးအနှံဖျော်ရည်များသောက်ပေးခြင်း၊ နို့တိုက်ကလေးငယ်များကို မိခင်နို့ ဆက်လက်တိုက်ကျွေးခြင်းတို့ လုပ်ဆောင်ရန်လိုအပ်ပါသည်။

ဖျားနေသည့်ကလေးကိုအစားအသောက်မကျွေးခြင်းမျိုးကို မပြုလုပ်သင့်ပါ။ ကလေးစားချင်၊ သောက်ချင်ပါက အစားအစာ ကျွေးနိုင်ပါသည်။ သို့သော် ကလေးကို အညိုရောင်အရည်များ (ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက်၊ မိုင်လို၊ အိုဗာတင်း) တိုက်ကျွေးခြင်းကို ရှောင်ရပါမည်။ အကြောင်းမှုကား သွေးလွန်တုပ်ကွေးဖြစ်သည့် ကလေးများသည် အစာအိမ်လမ်းကြောင်းတစ်လျှောက်တွင် သွေးကြောလေးများမှ သွေးယိုစိမ့်ပြီး အညိုရောင်အရည်များ အန်တတ်သဖြင့် ကော်ဖီကဲ့သို့အညိုရောင်ရှိသည့် အရည်များတိုက်ကျွေးသည့်အခါ ခွဲခြားရခက်ခဲသောကြောင့်ဖြစ်ပါသည်။

ဒင်ဂီးအဖျား (Dengue Fever)တွင် သွေးဥမွှား အရေအတွက် ၁၀၀ အောက်ကျနေသူများ၊ သွေးလန့်သည့်လက္ခဏာရှိသူများ၊ နှာခေါင်းသွေးယို၊ သွားဖုံးသွေးယို စသည့်သွေးယိုစီးသည့် လက္ခဏာရှိနေသူများ၊ အလွန်အမင်းအန်နေခြင်း၊ အရည်မသောက်နိုင်ခြင်းတို့ဖြစ်နေသည့်သူများ၊ သက်ဆိုင်ရာတာဝန်ခံဆရာဝန်မှ ဆေးရုံတက်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ပေးထားသူများ၊ ဆေးရုံနှင့်အသွားအလာခက်သည့် နေရာတွင်နေသူများ၊ ပို့ဆောင်ရေးခက်ခဲသည့် ဒေသတွင်နေသူများကို ဆေးရုံတင်ရန်လိုအပ်ပါသည်။ ဆေးရုံ၊ ဆေးခန်းသို့အချိန်မီမရောက်ရှိနိုင်ပါက နောက်ဆက်တွဲဆိုးကျိုးများကြောင့် အသက်ဆုံးရှုံးသည်ထိဖြစ်နိုင်သည်။ ထို့ပြင် သက်ဆိုင်ရာဆေးရုံမှ တာဝန်ခံဆရာဝန်၏ ခွင့်ပြုသည့်အချိန်မတိုင်သေးဘဲ ဆင်းပါက ဆိုးကျိုးများဖြစ်ပြီး ကလေးကိုထိခိုက်မည်ဖြစ်ကြောင်း မိဘ သို့မဟုတ် မိသားစုဝင်များကို သတိပေးပြောကြားထားသင့်ပါသည်။ ဆေးရုံဆင်းပြီးပါက တစ်ပတ်ခန့် အနားယူရန် လိုအပ်ပါသည်။



**ကာကွယ်နှိမ်နင်းရန်လို**

ခြင်ကျားကိုက်ခြင်းကြောင့် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါသည် ယခင်ကမိုးရာသီ၌ လူငယ်များသာအဖြစ်များသော်လည်း လက်ရှိအချိန်တွင် အသက်အရွယ်မျိုးစုံ၌ ရာသီမရွေးဖြစ်ပေါ်လျက်ရှိသည်။ အထူးဂရုစိုက်ကာကွယ်သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် ကျန်းမာရေး အသိပညာပေးခြင်းနှင့် မှန်ကန်သောအလေ့အကျင့်များ ပေါ်ထွန်းလာစေရေးအတွက် သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများကို ကျန်းမာရေးအသိပညာပေးခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များသင်ကြားပေးခြင်း (ဥပမာ- ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခတ်၊ ထောင်၊ လောင်း၊ ဖွင့်၊ မြုပ်၊ ရှင်း၊ ထည့် လုပ်ငန်းစဉ်များ)၊ ရောဂါဖြစ်ပွားမှုများလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ရန် အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေး လူနာရှိသောနေအိမ်နှင့် ပတ်လည်တွင် သွေးလွန်တုပ်ကွေးဖြစ်စေသော ခြင်များသေစေရန်အတွက် ခြင်ဆေးမှုတ်လုပ်ငန်းများကို လုပ်ဆောင်သွားရန်လိုအပ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအလိုက် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်း အဓိကပေါက်ဖွားတတ်သော အိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့်အိုးခွက်များ (ဥပမာ- စဥ့်အိုး၊ အုတ်ရေကန်၊ ဘုရားပန်းအိုး၊ နတ်စင်အိုးစသဖြင့်)ကို ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ မလိုအပ်သည့်အိုး၊ ခွက်၊ ဘက်ထရီအိုး၊ တာယာဟောင်း စသည်တို့ကို စနစ်တကျမြေမြှုပ်ပစ်ခြင်း၊ ရေအောင်းပြီးခြင်ပေါက်နိုင်သော ဝါးငုတ်၊ သစ်ခေါင်းများကိုရှင်းလင်း၊ မြေဖို့ခြင်း၊ မသွန်နိုင်၊ မလှယ်နိုင်သော ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းသတ်ဆေး (အဘိတ်ဆေး)ခတ်ခြင်း၊ ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခြင်ကျားကင်းစင်သည့် ကျောင်းများ ထူထောင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးပညာပေးခြင်း၊ သောကြာနေ့တွင် ဆရာ၊ ဆရာမများမှ ကျောင်းသား၊ ကျောင်းသူများကို ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ ကျောင်းတွင် တစ်ပတ်လျှင် တစ်ကြိမ် နာရီဝက်ခန့်အချိန်ပေး၍ ပိုးလောက်လမ်းရှာဖွေစေခြင်း၊ ရေလှယ်ခြင်း၊ သွန်ခြင်း၊ တစ်ပတ်အတွင်း နောက်ဆုံးကျောင်းတက်ရသည့်နေ့ (သောကြာ)တွင် သောက်ရေအိုးများနှင့် တခြားအိုးများကို ပွတ်တိုက်ဆေးကြော၍ ကျောင်းပိတ်ရက်များတွင် မှောက်ထားခဲ့ခြင်းတို့ကို ဆောင်ရွက်သွားသင့်ပါသည်။

ထို့ပြင် တစ်ဦးချင်းအနေဖြင့်လည်း ခြင်ကျားအကိုက်ခံရမှု သက်သာစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ထားခြင်း၊ အိပ်သည့်အခါတိုင်းနေ့၊ ညမရွေးခြင်ထောင်ဖြင့် အိပ်ခြင်း (ဖြစ်နိုင်ပါက) ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်း၊ အိမ်များတွင် ခြင်လုံဆန်ခါတပ်ဆင်ခြင်းတို့ပြုလုပ်သင့်ပါသည်။

**သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် သတိပြုစေလို**

ဆိုရလျှင်သွေးလွန်တုပ်ကွေးသည် ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရအောင်နေထိုင်ခြင်းနှင့် ခြင်ကျားမပေါက်ဖွားနိုင်အောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။ မိုးတွင်းကာလသာမက မည်သည့်အချိန်တွင်မဆို ကလေးများဖျားနာလျှင် သွေးလွန်တုပ်ကွေးအန္တရာယ်ကိုသတိပြုသွားရန်လိုအပ်ပါသည်။ အသက်အန္တရာယ်ရှိသည့် ရောဂါဖြစ်သော်လည်း အလွယ်တကူကာကွယ်နိုင်သောရောဂါဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်နေကြောင်း သံသယရှိပါက ဆေးရုံ၊ ဆေးခန်းများတွင် ချက်ချင်းသွားရောက်ပြသကာ ကုသမှုခံယူသင့်ပါသည်။

အထူးဂရုပြုသင့်သောအချက်မှာ သွေးလွန်တုပ်ကွေးရောဂါသည် ယခင်ဖြစ်ဖူးသည့်သူများတွင် နောက်တစ်ကြိမ်ဖြစ်လျှင် ပိုမိုဆိုးရွားတတ်သောကြောင့် အထူးသတိထားရန်လိုအပ်ပါသည်။ ရာသီတစ်ခုတည်းမှာပင် နှစ်ကြိမ်ပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ်ဖြစ်ပြီးဟုသဘောထားပြီး ပေါ့ဆ၍မရသည့်ရောဂါဖြစ်သည်။ ထို့ကြောင့် မိုးရာသီတွင်အဖြစ်များတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးသားအပ်ပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ပိဋကသုံးပုံဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပသွားမည်


ပိဋကသုံးပုံစာအုပ်များကိုမင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ပွဲကျင်းပနေပုံကိုတွေ့ရစဉ်။

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တစ်ထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ပိဋကသုံးပုံ ဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် တိပိဋကလောင်းလျာအရှင်သူမြတ် ၂၂၇ ပါးတို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁၇ ရက်နှင့် ဇွန် ၁၈ ရက် နေ့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

"ပိဋကသုံးပုံဝိနည်းငါးကျမ်းကို ဗီယက်နမ်နိုင်ငံက အလှူရှင်များ စုပေါင်းလှူဒါန်းထားတာ ဖြစ်ပါတယ်။ ပိဋကသုံးပုံဝိနည်း ငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နန်းဦးဘုရားကြီးတန်ဆောင်းမှာ ကျင်းပပြုလုပ်နေပါတယ်။ လာမဲ့ ဇွန် ၁၇ ရက်နေ့ မှာ ဝိနည်းငါးကျမ်း ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းနားကို ကျင်းပသွားမှာဖြစ်သလို ဇွန် ၁၈ ရက်နေ့မှာတော့ တိပိဋကလောင်းလျာ အရှင်သူမြတ် ၂၂၇ ပါးတို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းတွေ ဆက်ကပ်လှူဒါန်းသွားမှာ ဖြစ်ပါတယ်"ဟု ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဆုက ပြောပြ၍ သိရသည်။ ASH

# ဗိုလ်တထောင်မြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာကျောင်းတိုက်တို့တွင် ခန့်စည်သူမိသားစုက ဝါဆိုသင်္ကန်း၊ အလှူငွေကျပ် သိန်း ၅၀၀ နှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း



**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာ ကျောင်းတိုက်တွင် သရုပ်ဆောင်ခန့်စည်သူ မိသားစုက ဝါဆိုသင်္ကန်း၊ အလှူငွေကျပ် သိန်း၅၀၀နှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းကို ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူထံမှ သိရသည်။

သရုပ်ဆောင် ခန့်စည်သူ မိသားစုက ကွယ်လွန်သူဖခင်ကြီး (၄ နှစ်ပြည့်) အားရည်စူး၍ မိခင်ကြီးဦးထိပ်ထားကာ ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်းရှိ စာသင်၊စာချ သံဃာတော်အပါး ၃၁၀ တို့အား ဝါဆိုသင်္ကန်းများ၊ ပစ္စည်းလေးပါးအတွက် အလှူငွေကျပ်သိန်း ၅၀၀ နှင့် နေ့ဆွမ်းတို့ကို ဆက်ကပ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ကွယ်လွန်သူ ဖခင်ကြီး (၄ နှစ်ပြည့်)အား ရည်စူး၍ မိခင်ကြီး ဦးထိပ်ထားကာ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်းရှိ စာသင်၊ စာချ သံဃာတော်အပါး ၃၁၀ တို့ကို ဝါဆိုသင်္ကန်း၊ ပစ္စည်းလေးပါးအတွက် အလှူငွေကျပ် သိန်း ၅၀၀နဲ့ နေ့ဆွမ်းတို့ကို ဆက်ကပ် လှူဒါန်းခဲ့ပါတယ်။ ရဟန်းလောင်းအပါး ၃၀၊ ရှင်သာမဏေလောင်းအပါး ၁၁၀ တို့ကို သင်္ကန်းပရိက္ခရာ စုံလင်စွာဖြင့် ရဟန်းခံရှင်ပြုအလှူကို ပြုလုပ်ခဲ့ပါတယ်။ သံဃာတော်အပါး ၃၁၀ ကိုတစ်ပါးလျှင်ဝတ္ထုငွေတစ်သောင်းကျပ်စီအပြင် သင်္ကန်းအစုံ ၃၁၀၊ ဆန် ၂၄ ပြည်ဝင် အိတ်၅၀၊ ဆီပိဿာ ၁၀၀၊ ဆပ်ပြာဘူး၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်တွေနဲ့ မုန့်မျိုးစုံကို လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။ ASH

# ဥတ္တရသီရိမြို့နယ် ဇလောင်း (မြောက်) ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဇလောင်း(မြောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇွန် ၁၄ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ( VDP ) ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းချက်များ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်းသိရသည်။

ကိုညီ

# ဝါနာဘရားသား၏F.A.S.Tဇာတ်ကား၌ မင်းသမီး ဂျူလီယာနာ ကန်ဖီး ပါဝင်မည်

**နယူးယောက် ဇွန် ၁၅**

ဝါနာဘရားသား ကုမ္ပဏီ၏ F.A.S.T အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်၌ မင်းသမီး ဂျူလီယာနာ ကန်ဖီး ပါဝင်မည် ဖြစ်ကြောင်း ဇွန်၁၄ရက် သတင်းများအရ သိရသည်။

F.A.S.T ဇာတ်ကားတွင် မင်းသမီး ဂျူလီယာနာ ကန်ဖီးသည် မင်းသား ဘက်ဒွန်စကီလီနာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် F.A.S.T ဇာတ်ကား၌ မင်းသမီး ဂျူလီယာနာ ကန်ဖီးပါဝင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

F.A.S.T ဇာတ်ကားသည် စီအိုင်အေ၏ အကာအကွယ်ကို ရယူထားသည့် မူးယစ်ဆေးဝါးကုန်သည်များကို အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဦးစီးသည့် အဖွဲ့ငယ်တစ်ဦးက ဖြိုခွင်းခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကား ဖြစ်ကြောင်းသိရသည်။

F.A.S.T ဇာတ်ကားကိုဒါရိုက်တာ ဒီပီ ဘရင့်ချက်ဆင့်က တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

F.A.S.T ဇာတ်ကားကို ၂၀၂၇ ခုနှစ်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# A 24 ၏ Breakthrough ဇာတ်ကားကို ဒါရိုက်တာ အာရွန်နော့်မ်စကီး ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇွန် ၁၅**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Break-through အမည်ရှိ ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒါရန့် အာရွန်နော့်မ်စကီးက တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဇွန် ၁၄ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် Break-through ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ အာရွန်နော့်မ်စကီးနှင့် A 24 ကုမ္ပဏီ တာဝန်ရှိသူများကြား ဆွေးနွေးနေကြောင်း သိရသည်။

ဒါရိုက်တာ အာရွန်နော့်မ်စကီးသည် A 24 ကုမ္ပဏီအတွက် The Whale အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ယခင်က ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

Breakthrough ဇာတ်ကားတွင် မင်းသား ဒွိန်းဂျွန်ဆင်ပါဝင်သရုပ်ဆောင်မည် ဖြစ်ပြီး ကျန်သရုပ်ဆောင်များကို A 24 ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Breakthrough ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို A 24 ကုမ္ပဏီက ကြေညာခြင်း မရှိသေးပေ။

**Ref : Russia Today**

**Trs : KKO**




# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing plants a gangaw sapling at the first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory





Senior General Min Aung Hlaing delivers a speech at the first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory.

**Nay Pyi Taw June 15**

The first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory took place at Yanaungmyin forest reserve in Dekkhinathiri Township, Nay Pyi Taw, Union Territory this morning. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing took part in the ceremony and planted a gangaw tree.

Also present at the ceremony together with the Senior General were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the Joint SAC Secretary, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, civil servants including officers of the ministries, faculty members and students of Naypyitaw State Academy, Naypyitaw State Polytechnic University, Government Technical Institute (Nay Pyi Taw), Forestry and Environmental Science University and officials.

First, the Senior General delivered an address. He said the government is organizing annual monsoon tree-planting ceremonies with public involvement. Likewise, regions and states are also doing the same area wise and department wise. Awareness of and active participation of the public in greening and beautifying the environment, ensuring sustainability of forest resources, improving the ecosystem, providing natural disaster protection through conservation of forest, land and mountains, improving the climate and planting and protecting trees is essential. Monsoon tree-planting movements are being held in the entire country as a campaign to realize the abovementioned goals. Todays' ceremony will grow 3,000 saplings of 16 different species.



Senior General Min Aung Hlaing plants a gangaw sapling.

Trees and forests are crucial for life on this planet. Apart from releasing oxygen, the main requirement for life including humans, they are also helpful for weather pattern rotation and absorb carbon dioxide, which is harmful for health, from the atmosphere. Trees are constantly supportive of the ecosystem balancing services through a balanced climate and natural disaster prevention and soil and water conservation.

Forests provide various kinds of forest products, such as wood, fuel, bamboo, rattan, food, medicine and other basic requirements for rural people. Tree-growing and conservation has a lot of benefits as trees help improve soil, water and weather conditions, and provide raw materials and inputs for farming, industry and services industries and other environmental services.

Trees are vital to the regulation and stability of ecosystems, acting as a core component. Hence, they must have a significant role in national development. Global countries are accelerating their forest plantation and conservation activities for the success of UN sustainable goals, sustainability of humans and life, and environmental greening and beautification. The goal under the United Nations Strategic Plan for Forests is to increase global forest area by 3% by 2030, which translates to roughly 300 million acres, from the 10 billion acres of forest area in the year 2000.

Myanmar is rich in land, water, and natural resources and biodiversity. Of the ASEAN countries, it has a good forest cover which is the second largest in the region. Myanmar's forest cover was 42.92% of its land area in 2015, 42.19% in 2020 and 42.15% according to the initial report in 2025, showing a slight forest depletion. Since its assumption of the responsibilities, SAC has been prioritizing tree-plantation, forest conservation and management, and the nation sees a significant decrease in annual forest depletion.

The goal for national forest cover is set at 50% of the country's surface area for a balanced climate and better ecosystem services, and the relevant departments, communities and organizations must take part in realizing it as a national duty.

The State has systematically and effectively carried out rescue and rehabilitation efforts when facing natural disasters, while also prioritizing the prevention of such calamities and nationwide greening initiatives. Protecting, managing, restoring, and expanding forest resources are key long-term national priorities.

From the 2021 monsoon season to the 2024 monsoon season, the State distributed and planted over 90.55 million saplings across the nation. In Nay Pyi Taw, nine tree-planting ceremonies were held under my leadership, resulting in 3,209,703 trees planted, with a 94% survival rate (3,032,982 trees). These trees were planted not only in protected forest reserves but also

*See Page 13*



Vice-Senior General Soe Win waters a sapling.



**Senior General Min Aung Hlaing encourages participants in the first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory.**

*From Page 12*

in non-forest areas through community-led monsoon campaigns. To ensure full survival, collective maintenance efforts are urged. This monsoon season, 20.59 million saplings (over 2 feet tall) have already been distributed nationwide for planting.

The State is implementing various greening initiatives, including establishing roadside green belts, planting trees along riverbanks, conducting afforestation along highways and railways, conserving mangrove forests, developing "two acres per village" agroforestry projects in 13 tropical districts, creating community fuelwood plantations, executing greening projects in the ancient Bagan cultural zone, and conducting reforestation in the areas flooded due to cyclone Yagi.

The government promotes the concept of "A Tree at Every Home, a Forest Belt Around Every Village," encouraging all citizens to actively participate in greening urban and rural areas to ensure shade and a healthy environment. The principle "Plant to Survive, Nurture to Grow, Preserve to Sustain" must guide afforestation efforts. Protecting forests—our natural heritage—is vital for passing down a green, prosperous nation to future generations.

Forests play a crucial role in national sustainable development, food security, socio-economic progress, and maintaining a clean environment and healthy ecosystems. Thus, the State is increasing investments in the green economy, which will expand forest cover, enhance environmental protection, and deliver social, economic, and ecological benefits. To boost forest coverage, mitigate climate change, and prevent natural disasters, tree planting and conservation must be treated as a national duty requiring collective participation.

Next, Senior General Min Aung Hlaing ceremonially planted a Gangaw tree at the designated site. Other attendees—including Vice-Senior General Soe Win, Council Secretary, Joint Secretary and members, Union level officials, Union ministers, invited dignitaries, students, and departmental personnel and officials from various ministries —joined in planting saplings simultaneously.

Then, the Senior General went round and encouraged the participants.

The ceremony featured the planting of 3,000 saplings of 16 different species.

After the tree-planting ceremony, the Prime Minister and his entourage visited Uttarathiri Dam to assess ongoing repairs for soil cracks and seepage issues. Union Minister for griculture, Livestock, and Irrigation U Min Naung, along with Nay Pyi Taw Council chairman and officials, provided updates on water inflow pathways, geological surveys for embankment restoration, and soil testing progress. The Prime Minister emphasized the need for systematic pre-repair inspections, durable long-term solutions, and proper follow-up measures to ensure the dam's structural integrity. He directed officials to implement these repairs with careful attention to quality and sustainability and left other necessary instructions. 100

**Senior General Min Aung Hlaing hears report on repair of Uttarathiri Dam.**





**A sapling being watered.**



**A sapling being watered.**



**A sapling being watered.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## မြောက်ကိုရီးယား၌Shahed တိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်နိုင်ရေး ရုရှားနိုင်ငံကကူညီပေးရန် စီစဉ်လျက်ရှိ




ရုရှားနိုင်ငံသည် Shahed တိုက်ခိုက်ရေးဒရုန်းများကို မြောက်ကိုရီးယားနိုင်ငံတွင်း၌ ပြည်တွင်းထုတ်လုပ်နိုင်ရေးအတွက် အကူအညီပေးရန် စီစဉ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇွန် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနှင့် ကာလရှည်ကြာပဋိပက္ခတွင် ရုရှားအတွက် မြောက်ကိုရီးယားနိုင်ငံကို အဓိကမဟာမိတ်အဖြစ် အားကိုးခဲ့သည်။ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များပါ ရုရှားဘက်မှ ဝင်တိုက်၍ နှစ်နိုင်ငံစစ်ဘက်ဆက်ဆံရေး နက်ရှိုင်းစွာအားကောင်းလာခဲ့သည်။ အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံက မြောက်ကိုရီးယား၏ စစ်လက်နက်တိုးတက်ဖွံ့ဖြိုးရေးတွင် အင်တိုက်အားတိုက်ကူညီပေးနိုင်ခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် တစ်လလျှင် Shahed တိုက်ခိုက်ရေးဒရုန်း အစင်းရေ ၂၀၀၀ ထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ လစဉ်ထုတ်လုပ်မှုနှုန်း အစင်းရေ ၅၀၀၀ ထိ တိုးတက်လာလိမ့်မည်ဟု မျှော်မှန်းထားသည်။ Shahed တိုက်ခိုက်ရေးဒရုန်းကို ရုရှားနိုင်ငံ၌ Geran-2 အဖြစ် အဆင့်မြှင့်တင်မှုများဖြင့် ထုတ်လုပ်နေခြင်းလည်းဖြစ်သည်။ ရုရှားနိုင်ငံသည် မကြာသေးမီက ဂျက်အင်ဂျင်သုံး Shahed တိုက်ခိုက်ရေးဒရုန်းကို သရုပ်ပြစမ်းသပ်နိုင်ခဲ့ပြီးလည်းဖြစ်သည်။

Shahed တိုက်ခိုက်ရေးဒရုန်းသည် ယူကရိန်းစစ်ဆင်ရေးတွင် ကြောက်မက်ဖွယ် အကောင်းဆုံးလက်နက်စွမ်းအားများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ယူကရိန်းနှင့်မဟာမိတ်နိုင်ငံများကို ကြိုတင်ခန့်မှန်းမရနိုင်သောလမ်းကြောင်းများဖြင့် ပျံသန်းစစ်ဆင်နိုင်သည့် Shahed တိုက်ခိုက်ရေးဒရုန်းကို တန်ပြန်ရန် အလားတူ တိုက်ခိုက်ရေးဒရုန်းစနစ်များနှင့် တန်ပြန်တိုက်ဖျက်ရေးနည်းပညာများ တီထွင်ထုတ်လုပ်အသုံးပြုနိုင်ရန် တွန်းအားများဖြစ်ပေါ်လာစေခဲ့သည်။

Shahed တိုက်ခိုက်ရေးဒရုန်းအနေဖြင့် စတင်ထွက်ပေါ်လာသည်မှ ယနေ့အချိန်ထိ ဂျက်အင်သုံးဗားရှင်းမှသည် အခြားပုံစံအမျိုးမျိုးဖြင့် ရုရှားလက်နက်တိုက်တွင် ပိုင်ဆိုင်ထားနိုင်ပြီဖြစ်သည်။ ထိုအထဲမှ Shahed 136 တိုက်ခိုက်ရေးဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် အများဆုံးအသုံးပြုခဲ့ကြပြီး ၎င်းဒရုန်းသည် တစ်နာရီလျှင် ၂၂၀ ကီလိုမီတာ(၁၃၇ မိုင်)အလျင်နှုန်းဖြင့် အကွာအဝေး ၂၅၀၀ ကီလိုမီတာ(၁၅၅၃ မိုင်)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ရေဒါထောက်လှမ်းခံရနိုင်ခြေနည်းပါးပြီး အခြေခံအဆောက်အအုံများနှင့်အခြား လေကြောင်းစွမ်းအားသုံးလက်နက်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိကြောင်း သိရသည်။

**Russia to Aid North Korea's Production of Iranian Shahed Kamikaze Drones** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးက အီရန်နျူကလီးယားစက်ရုံများကို အဖျက်စွမ်းအားအပြင်းဆုံးဗုံး MPR-500 ကို အသုံးပြုတိုက်ခိုက်



အစ္စရေးလေတပ်သည် အီရန်နိုင်ငံ၏ နျူကလီးယား အခြေခံအဆောက်အအုံများအပေါ် အဓိကပစ်မှတ်ထား၍ အဖျက်စွမ်းအားအပြင်းဆုံးဗုံး MPR-500 ကို အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၁၃ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အလေးချိန် ၂၂၇ ကီလိုဂရမ်ရှိ MPR-500 တိကျပဲ့ထိန်းဗုံးသည် ကွန်ကရစ်အထူ တစ်မီတာ၊ သို့မဟုတ် သုည ဒသမ ၂ မီတာအထူ အလွှာလေးလွှာပေါင်းစပ်ထားသော နံရံများ၊ ကြမ်းခင်းများကို ထိုးဖောက်တိုက်ခိုက်၊ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး အခိုင်အမာဘန်ကာစခန်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်သော လက်နက်တစ်ခုဖြစ်သည်။

MPR-500 ဗုံးကို F-15I Ra'am နှင့် F-16I Sufa ဘက်စုံသုံးတိုက်လေယာဉ်များအပါအဝင် အစ္စရေးလေတပ်ရှိ တိုက်ခိုက်ရေးနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ တိုက်ခိုက်ရေးလေယာဉ်များအားလုံးသည် အဖျက်စွမ်းအားအပြင်းဆုံးဗုံး MPR-500 ကို Joint Direct Attack Munition kit ဖြင့် တွဲဖက်အသုံးပြုပါက GPS လမ်းညွှန်ပဲ့ထိန်းဗုံးအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ ထို့ပြင် Paveway II နှင့် Lizard လေဆာလမ်းညွှန်စနစ်များနှင့်လည်း တွဲဖက်အသုံးပြုနိုင်ပြီး စစ်မြေပြင်အခြေအနေများတွင် ပစ်မှတ် တိုက်ခိုက်ရေးနည်းလမ်းများ ရွေးချယ်တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။

MPR-500 ဗုံး၏ အထိရောက်ဆုံး စွမ်းရည်မှာ အခြေခံအဆောက်အအုံများကို ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းပင်ဖြစ်သည်။ ၎င်းသည် မြေအောက်ဘန်ကာများ၊ မြေအောက်လက်နက်ဂိုဒေါင်များ၊ကွပ်ကဲမှုစင်တာများ သို့မဟုတ် နျူကလီးယားသန့်စင်ရေးစက်ရုံများကဲ့သို့သော ခိုင်ခံ့သည့် အဆောက်အအုံများအတွင်း နက်ရှိုင်းစွာ တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ မျဉ်းဖြောင့်အတိုင်း ပျံသန်းထိုးဖောက်တိုက်ခိုက်နိုင်မှုစွမ်းရည်သည် ပစ်မှတ်ဆီသို့ ဦးတည်ရာလမ်းကြောင်းမှ သွေဖယ်မှုကို ဖယ်ရှားပေးကာ အထပ်ထပ်ကာကွယ်ထားသည့်ကြားမှ ပစ်မှတ်များအား တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။

ထိုးဖောက်တိုက်ခိုက်နိုင်မှုစွမ်းရည်ကို ပြန့်ကြဲတိုက်ခိုက်နိုင်သော ပေါက်ကွဲအားပြင်းထိပ်ဖူးဖြင့် ပေါင်းစပ်မြှင့်တင်ပေးထားသည်။ MPR-500 ဗုံးတစ်လုံးသည် ပေါက်ကွဲခဲယမ်း အစပေါင်း ၂၆၀၀၀ ထိ ပါဝင်ဖွဲ့စည်းထားသည့် ထိပ်ဖူးတပ်ဆင်အသုံးပြုထားသည်။ ၎င်းပေါက်ကွဲစများသည် စတုရန်းမီတာ ၂၂၀၀ အတွင်း အဘက်ဘက်သို့ ပြန့်ကြဲတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ထို့ပြင် MPR-500 ဗုံးတွင် လေဟုန်စီးတိုက်ပွဲဝင်နိုင်မှု စွမ်းရည်များလည်းပါရှိပြီး တာဝေးမှ ပစ်လွှတ်တိုက်ခိုက်နိုင်ကာ ပစ်မှတ်များထံ ကီလိုမီတာ ဆယ်ဂဏန်းအတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြသည်။ သို့သော်လည်း ဇွန် ၁၃ ရက် ညပိုင်းတွင် တိုက်ခိုက်ခဲ့သော အီရန်ပစ်မှတ်အများစုသည် အီရန်နိုင်ငံအတွင်းပိုင်း၌ တည်ရှိနေကြခဲ့ကြသည်။ အဆိုပါ တိုက်ခိုက်မှုအတွင်း အစ္စရေး တိုက်လေယာဉ်များ အီရန်လေပိုင်နက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ခြင်း ရှိ၊ မရှိအပေါ် မေးခွန်းထုတ်စရာရှိလာသည်။ တိုက်ခိုက်မှုမတိုင်မီ အီရန်လေကြောင်းရန် ကာကွယ်ရေးစနစ်အများအပြားကို တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း သတင်းများအရ သိရှိခဲ့ရသည်။ အစ္စရေးတိုက်လေယာဉ်များသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဦးနှိမ်တိုက်ခိုက်ခြင်းအပါအဝင် ဘေးကင်းလုံခြုံစွာဖြင့် ရန်သူ့အတွင်းပိုင်းထိ တိုက်ခိုက်ရေးများ လုပ်ဆောင်နိုင်ခဲ့ပုံရှိသည်။

ထိုသို့တိုက်ပွဲဝင်လုပ်ဆောင်မှုမျိုးတွင် MPR-500 ဗုံး၏ လမ်းညွှန်မှုစနစ်သည် တိကျစွာတိုက်ခိုက်နိုင်ရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေသည်။ ၎င်းစနစ်သည် ပဲ့ထိန်းမဲ့ဗုံး၊ ဒုံးများကို တိကျစွာတိုက်ပွဲဝင်နိုင်စေရန် GPS နှင့် inertial navigation system လမ်းညွှန်စနစ်တို့ကို ပေါင်းစပ်အသုံးပြုပေးထားသော ပဲ့ထိန်းလမ်းညွှန်စနစ်ပင်ဖြစ်သည်။ ဤစနစ်ဖြင့် လေဟုန်စီးပဲ့ထိန်းဗုံးများကို တိကျလမ်းညွှန်ပဲ့ထိန်းဗုံးများဖြင့် ပြောင်းလဲအသုံးပြုနိုင်စေသည်။ MPR-500 ဗုံးတွင် JDAM လမ်းညွှန်စနစ်ကို အသုံးပြုထားခြင်းကြောင့် ပစ်မှတ်ကိုလွဲမှားနိုင်မှုမှာ ၁၃ မီတာအောက်သာရှိပြီး တိကျမှုမြင့်မားစွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။

အစ္စရေး၏စစ်ဆင်ရေးအတွင်း ဤဗုံးကိုအသုံးပြုနိုင်ခဲ့ခြင်းသည် အခြေခံအဆောက်အအုံကို အတိုင်းအတာတစ်ခုထိ သက်ရောက်မှုရှိစေရန်၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို နှောင့်ယှက်ရန်နှင့် အီရန်၏ အလုံခြုံဆုံးနျူကလီးယားပိုင်ဆိုင်မှုများကို ပြတ်ပြတ်သားသား အလုံးစုံချေမှုန်းဖျက်ဆီးနိုင်မည့် အစားအနှောင့်အယှက်၊ အဟန့်အတားဖြစ်စေနိုင်မည့် မဟာဗျူဟာမြောက် အဖျက်စွမ်းအားပြင်း လက်နက်အဖြစ် ထင်ဟပ်စေလျက်ရှိသည်။

**Breaking News: Israel uses one of its most destructive aerial bombs MPR-500 in strike on Iranian nuclear sites.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၄၇၀၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လတတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ စပါး ၄၇၀၇၆ ဧကကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရေး နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ ဒီနှစ် စပါး ၄၇၀၇၆ ဧကထိ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ စပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ရာ ပျိုးမှဲ့စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ စပါးစိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကို အခက်အခဲမရှိအသုံးပြုစိုက်ပျိုးနိုင်ရန် ပုလဲဓာတ်မြေဩဇာများ သင့်တင့်သည့်နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး



**ရေတာရှည် ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် သိုင်းဝကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကြို့ပင်သာကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြို့ပင်သာကျေးရွာ၌ လမ်းအရှည်ပေ ၂၄၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် သိန်း ၁၉၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၆၀၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်။အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမကပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းလင်းကျေးရွာအုပ်စု ငွေတောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းအတိုးပေးဆပ်ရမည့်ကာလနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငွေတောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငွေတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှဌာနဆိုင်ရာ အရာထမ်း၊အမှုထမ်းများ၊Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၊သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်လိုအပ်ကြောင်း၊ ယင်းကိုတိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံနှင့်အဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်ကြောင်း၊ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနဲ့မြေဆီလွှာထိန်းသိမ်းရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

သစ်ပင်သစ်တောများသည် ကျေးလက်နေ ပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ **သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့်ဝန်ဆောင်မှု ကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း။**

သစ်တောများသည် ဂေဟစနစ်များအားလုံးဗဟိုချက်အဖြစ် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟုပြောရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအောင်မြင်စေရေး၊ လူသားများ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥတ္တရသီရိဆည် မြေသားကွဲအက်ရေစိမ့်ထွက်ဖြစ်ပေါ်နေမှုအား ပြုပြင်ရန်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နှင့် သက်ရှိများရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ကုလသမဂ္ဂ သစ်တောကဏ္ဍဆိုင်ရာမဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာဧကေ ၁၀ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧကေ သန်း ၃၀၀ ခန့် (သုံးရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ကုလသမဂ္ဂက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊သဘာဝသယံဇာတများနှင့်ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည်၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ခုနှစ်ပဏာမအစီရင်ခံစာအရ၄၂ဒသမ

**ဆိုင်ရာဝန်ဆောင်မှုများပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ သစ်တောများဖုံးလွှမ်းအောင်” ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ဆောင်ရွက်သွားကြ**ရန်လည်းမှာကြားလိုကြောင်း။

ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင်(၉၄ရာခိုင်နှုန်း)ရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့်သစ်ပင်များသည်သစ်တောနယ်မြေများဖြစ်သည့်ကြိုးဝိုင်း၊

နှင့် ရထားလမ်းဘေးဝဲယာသစ်ပင်စိုက်ပျိုးခြင်း၊ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာ နှစ်ဧကစိုက်ခင်း၊ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်

**နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့်သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။**

နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့်ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိကြောင်း၊နိုင်ငံ၏သဘာဝအရင်းအနှီးသစ်ပင်သစ်တောများပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်များကိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအဝန်းသစ်တောဖုံးလွှမ်းမှု

**နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ်မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင်စိုက်ပျိုးနိုင်ခဲ့၊ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင်(၉၄ရာခိုင်နှုန်း)ရှိ . . .**

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက်ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေးနှင့် နိုင်ငံအဝန်း စိမ်းလန်းစိုပြည်သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးနေ

ကြိုးပြင်ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်းသာမကပဲ သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးလိုက်သည့်သစ်ပင်များ ရာနှုန်းပြည့်အောင်မြင်ရှင်သန်ရေးအတွက်ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်း

များစိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းစသည့် အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**“အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာတောတန်း၊ တစ်တောဝင်တစ်တောဆက်၊မြို့တက်မဲ့လမ်း”**ဆိုသကဲ့သို့ပြည်သူလူထုတစ်ရပ်လုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

၁၅ရာခိုင်နှုန်းရှိသည်ကိုတွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊သစ်တောများပြုပြင်ထိန်းသိမ်းမှုကိုအလေးထားကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက်သစ်တောပြုန်းတီးမှုသိသိသာသာလျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း။

**“ရာသီဥတုမျှတပြီးသစ်တောဂေဟစနစ်**

ကြောင်း၊သစ်တောသယံဇာတများကာကွယ်ထိန်းသိမ်းခြင်း၊စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ်မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော်**

ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုနှစ်မိုးရာသီ၌လည်း အမြင့်နှစ်ပေအထက်ပျိုးပင်၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများတည်ထောင်ခြင်း၊ မြစ်ချောင်းများဘေးဝဲယာတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်း၊လမ်းမကြီးအသီးသီး

**အနေဖြင့် ရပ်ကွက်၊ကျေးရွာ၊မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင် စိမ်းလန်းစိုပြည်ပြီးအရိပ်အာဝါသရရှိစေရေးကိုယ်တိုင်အသိစိတ်ဓာတ်အပြည့်အဝဖြင့် သစ်ပင်သစ်တောများကိုထိန်းသိမ်းပြီးတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်**ကြောင်း၊စိုက်ပျိုးပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင်တစ်ပင် “ရှင်အောင်စိုက်ပျိုး၊ကြီးအောင်ပြုစု၊မြဲအောင်ထိန်းသိမ်း”သွားရန်လည်း လိုအပ်ကြောင်း၊

တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၁၈ သို့**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီး၏ တောင်ဘက်၊ နေပြည်တော်ဘူတာနှင့် ရွာတော်ဘူတာအကြားရှိ ရထားလမ်းဘေး ဝဲယာနယ်နိမိတ်အတွင်းရှိ စိုက်ကွက် နှစ်နေရာတို့တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပထမစိုက်ကွက်နေရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးကဦးဆောင်ပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ရထားလမ်းဘေးတစ်လျှောက်တွင် အရိပ်ရ လေကာပင်များ စိုက်ပျိုးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွာတော်ဘူတာသို့ ရောက်ရှိပြီး ရွာတော်ဘူတာအနီးရှိ ဒုတိယစိုက်ကွက်နေရာတွင်ဝန်ထမ်းများနှင့်အတူ အရိပ်ရလေကာပင်များကို ဆက်လက်စိုက်ပျိုးကြသည်။ ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ဦးရေ ၁၅၀၀ တက်ရောက်၍ ကျွန်းပျိုးပင် ၂၀၀၊ ပိတောက်ပျိုးပင် ၁၅၀၊ ပျဉ်းကတိုးပျိုးပင် ၁၅၀ နှင့် မဲဇလီပျိုးပင် ၁၀၀၀ စုစုပေါင်း ပျိုးပင်မျိုးစုံ ၁၅၀၀ ကို တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။

နေပြည်တော်၌ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ပြည်နယ်များမှ ဌာန၊ အဖွဲ့အစည်းအားလုံးကလည်း သက်ဆိုင်ရာနယ်မြေ ရုံးများအလိုက် တစ်ချိန်တည်းတစ်ပြိုင်တည်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ . . .**

**စာမျက်နှာ ၁၇ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဥတ္တရသီရိဆည် မြေသားကွဲအက်ရေစိမ့်ထွက်ဖြစ်ပေါ်နေမှုအားပြုပြင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဥတ္တရသီရိဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ စစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်အောင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရှေ ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ၁၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ် ကျင်းပ



**နေပြည်တော် ဇွန် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ကျင်းပသည့် ၁၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်သို့ တက်ရောက်သည်။

ထိုအစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် နေပြည်တော်ကောင်စီရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ်နှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယ သံအမတ်ကြီးနှင့်အတူ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ၁၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို အမှတ်တရ ဂုဏ်ပြုစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၅**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအားကြိုဆိုပွဲကို ယနေ့နံနက် ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်း ကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးဝေကာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှု ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မ၀၁)

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း

**ရန်ကုန် ဇွန် ၁၆**

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။


**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## ❍ နေရာကွက်၍ မိုးကြီးနိုင်မှုအဆက်

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၅-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၈-၆-၂၀၂၅ ရက်နေ့မှ ၁၉-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်ထိ** ကိုယ်ဝန်ဆောင်အဖြစ် ရှိနေသူများအနေဖြင့် MCCT အစီအစဉ်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ဇွန် ၂၅ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၅**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၅**

၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၃ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၄) အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့နှင့်အတူ ဇွန် ၁၁ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ ဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် Rajamangala National Stadium၊ ရေကူးကန်၊ Indoor Stadium Huamark၊ THAI Cycling Hall of Fame၊ Archery Field တို့သို့ သွားရောက်လေ့လာသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၂ ရက်တွင် အစည်းအဝေးမတိုင်မီ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီးဖြစ်သူ H. E. Mr. Sorawong Thienthong နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် မကြာမီကဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာရှိမှုကြောင့် လေ့ကျင့်ရေးကိစ္စရပ်များ၌ အခက်အခဲရှိနေမှုများ၊ မိမိတို့မြန်မာအသင်း ပြိုင်ပွဲကြီးသို့ လာရောက်ယှဉ်ပြိုင်သည့်အခါတွင် တည်းခိုနေထိုင်စားသောက်ရေးနှင့် အားကစားကွင်း၊ အားကစားရုံများ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်ခွင့်၊ ပိုမိုထိတွေ့ခွင့်ရရှိစေရေးတို့အတွက် တတ်စွမ်းသမျှကူညီပေးစေလိုမှုများကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ 2nd Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့တက်ရောက်ရာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Dato Seri Chaiyapak Siriwat က ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီး ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌဖြစ်သူ H.E Mr. Sorawong Thienthong ကို တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီး နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အသစ်ကို မိတ်ဆက်ပေးပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ H. E. Mr. Sorawong Thienthong နှင့် ထိုင်းနိုင်ငံ အမျိုးသားကော်မတီဥက္ကဋ္ဌ Honorable Asst Prof. Pimol Srivikorn တို့က တက်ရောက်လာသည့် ကောင်စီဝင်များကို တရားဝင်ဖိတ်ကြားလွှာများ ပေးအပ်ခြင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး၏ လုပ်ငန်းစဉ်များ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ၂၀၂၄ ခုနှစ် အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များအပေါ် ဆွေးနွေးရှင်းလင်းအတည်ပြုခြင်း၊ SEAGF ရုံး၏ COO ရာထူးအား CEO အမည်အသစ်အဖြစ် ပြန်လည်ခန့်အပ်ရန် အဆိုပြုချက်ကို သုံးသပ်အတည်ပြုခြင်း၊ SEAGF Honorary Membership များအဖြစ် Dr. Varin Tansuphasiri၊ Dato' LowBeng Choo နှင့် Mr. CHAN Seng Heng Christopher သုံးဦးတို့ကို ခန့်အပ်ခြင်းနှင့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ရုံး၏ အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ကြသည်။




ဆက်လက်၍ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပရာ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပသွားမည့် အားကစားနည်း ၅၀ နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ အစီရင်ခံစာနှင့် ရုပ်သံလွှင့်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် ၃၄ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးခြင်းတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (South East Asia Games) အမည်ကိုသာ ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် အဖွဲ့သည် ယမန်နေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

အောင်မြင့်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Than Tun"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် င/ရမကျေးရွာနေ သန်းထွန်းအား ည ၆ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Khine Phyo Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းပြားမြို့နယ် မင်းဖူးကျေးရွာနေ ခိုင်ဖြိုးခန့်(ခ) အငိုသန်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ ကျောဖုံးမှအဆက်

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ပွဲချိန် ၆၄ မိနစ်တွင် ကောင်းရဲဝင်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်တွင် အောင်လှိုင်ဝင်းနှင့် ပွဲချိန် ၅၇ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူပေးနိုင်ခဲ့သည်။

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ကွာတားဖိုင်နယ်အဆင့်သို့ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ရှောဝတီယူနိုက်တက်အသင်း၊ ဒဂုံပေါ့အသင်း၊ ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ တက်ရောက်နိုင်ခဲ့ကြသည်။

MNL League Cup 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့် ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းတွင် ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၂)ရပ်ကွက်၊ မြို့သစ်အမှတ်(၃)ရပ်ကွက်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်နှင့် အောင်ပင်လယ်ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကြိုတင်ပြင်ဆင်ထားရှိမှု၊ မေးခွန်းနှင့် အဖြေလွှာများ ထိန်းသိမ်းထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်၊ (ဈ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် တမ္ပဝတီရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက်စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကြီးကြပ်ရေးရုံးများတွင်မေးခွန်း၊ အဖြေလွှာ စသည့်စာရွက်စာတမ်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ခိုလမ်တပ်နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များကို ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်စဉ်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ်၆၁၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၁၅- ၆ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို သတ်ဖြတ်၊ ပခုက္ကူမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမ တစ်ဦးကို ဖမ်းဆီးခေါ်ဆောင်




PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**မန္တလေး ဇွန် ၁၅**

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း ၄၂ နှစ်သည် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ခင်ပွန်းဖြစ်သူ ဦးဇော်လတ် ၄၅ နှစ်၊ ညီမဖြစ်သူ မရွှေရည်ဝင်း ၁၉ နှစ်တို့နှင့် အတူရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ် လေးစီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှု မရှိသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းနှင့် ဦးဇော်လတ်တို့ နှစ်ဦးကို ဝန်ထမ်းလိုင်းခန်းအတွင်းမှ ဆွဲခေါ်ကာ လိုင်းခန်းရှေ့ မြေကွက်လပ်၌ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်မီလှိုင် ၂၈ နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် ဇွန် ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား ငါးဦးက သေနတ်များကိုင်ဆောင်ကာ ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာပြီး ဒေါ်ဇင်မီလှိုင်အား လက်နောက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ နိုင်ငံ့ဝန်ထမ်းကောင်း ကျောင်းအုပ်ဆရာမကြီးနှင့်ခင်ပွန်းဖြစ်သူတို့ကို ရက်စက်စွာသတ်ဖြတ်ခဲ့သူများနှင့် ကျောင်းဆရာမတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အစွန်းရောက် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဇွန် ၁၄ ရက်က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် ညနေ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ပညာသိဒ္ဓိရပ်ကွက်အရောက်၌ လူနေထိုင်ခြင်းမရှိသည့် တိုက်အမှတ်(၂၇)ပေါ်မှ အသံကြား၍ တက်ရောက်စစ်ဆေးခဲ့ရာ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူနေသည့် ဥတ္တရသီရိမြို့နယ် ငနံးစပ်ကျေးရွာနေသူများဖြစ်ကြသည့် ဇော်ဇော်အောင် ၃၉ နှစ်နှင့် ထက်လင်းကို ၂၅ နှစ်တို့ နှစ်ဦးကို လျှပ်စစ်မီးကြိုး ၁၁ ပိဿာခန့်နှင့် လျှပ်စစ်မီးကြိုးဖြတ်တောက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)နယ်မြေရဲစခန်း (ပ)၁၉/၂၀၂၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (၅၀၁)



ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏ မိဘများကို ခြိမ်းခြောက်ခြင်းများလုပ်ဆောင်

**နေပြည်တော် ဇွန် ၁၅**

လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားစေရန် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများအား လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက် သီရိမင်္ဂလာရပ်၌ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ရောက်ရှိတည်းခိုနေသည့် ညောင်ဦးမြို့နယ် ကုလားတဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူ ကိုးဦးအနက် မခင်သက်ထား၊ မဂျူးဂျူးစုလှိုင်၊ မတိုးအိဝေ၊ မယမင်းသူ၊ မမြမြသက်၊ မောင်ချမ်းမြေ့အောင် ခြောက်ဦးတို့၏ မိဘများအား PDF အကြမ်းဖက်အဖွဲ့က ခြိမ်းခြောက်ခဲ့သဖြင့် ကျောင်းသားမိဘများက ၎င်းတို့၏သား၊ သမီးများအားတည်းခိုသည့်နေရာမှ ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ကျန်ရှိသည့် မောင်အာကာချမ်းမြေ့ကျော်၊ မောင်ထွန်းနိုင်လင်းနှင့်၊ မောင်တင်ဦးလှိုင်တို့ သုံးဦးကို ၎င်းတို့၏မိဘများက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ဆရာ၊ ဆရာမများ၏ ကျေးဇူးတရားများ

ဆရာဆိုသော ဝေါဟာရအသုံးအနှုန်းလေးကို လူ့ပတ်ဝန်းကျင်၏နေရာအတော်များများ၌ ကြားသိနေရပါသည်။ စာသင်ကျောင်းမှာ စာသင်နေကြသည့် ဆရာများကို ကျောင်းဆရာ၊ ဆရာမများဟုခေါ်ဆိုကြသည်။ ပန်းရန်ဆရာ၊ လက်သမားဆရာမှ အစထားလို့ ကားဆရာ၊ ဆိုက်ကားဆရာအဆုံး လူနေမှုပတ်ဝန်းကျင်၌ ဆရာများစွာရှိပါသည်။ ဆရာဟုဆိုလိုက်သည်နှင့် ထိုဆရာသည် ဆရာတစ်ယောက်၏ ဂုဏ်ပုဒ်နှင့် ကိုက်ညီမှုရှိရသည်။ လောက၌ ဆရာပေါင်းထောင်ပေါင်းများစွာ ရှိနေသည့်အနက် ယခုကျွန်တော်တင်ပြလိုသောဆရာမှာ နာသုံးနာကို အရင်းတည်ပြီး လုပ်ဆောင်နေကြရသော စာသင်ကျောင်းမှ ဆရာ၊ ဆရာမများဖြစ်သည်။

ကျောင်းနေအရွယ်ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဆရာဆိုသူများနှင့် စတင်ထိတွေ့ ဆက်ဆံကြရပါသည်။ မိခင်၏ ရင်ငွေ့မပြယ်သေးသော၊ နို့ရည်နံ့မကင်းစင်သေးသော၊ ကလေးငယ်များကို ဆရာ၊ ဆရာမများက စိတ်ရှည်လက်ရှည်ဖြင့်ထိန်းကျောင်းပြီး အတန်းပညာများကို သင်ကြားပို့ချရပါသည်။ ဆရာ၊ ဆရာမများသည် မိမိ၏ဝမ်းနှင့်လွယ်ပြီး မွေးမြူထားသည် မဟုတ်သည့်တိုင် ကျောသား ရင်သားမခွဲခြားဘဲ ဆရာလိုတစ်မျိုး မိဘနှယ်တစ်သွယ်ဖြင့်ပြုမူပေးကြ၏။ KGတန်းအရွယ်၌ ကျောင်းသို့ ရောက်လာကြသည့် အချို့သောကလေးများက ကျင်ကြီး၊ ကျင်ငယ်ထွက်ကျတတ်သည်။ ထိုအခါများတွင် ဆရာ၊ ဆရာမများသည်မရွံ့မရှာနိုင်ပါဘဲ သုတ်သင်ဆေးကြောပေးကြရသည်။ ဆရာ၊ ဆရာမများသည် အဖြူနှင့်အစိမ်းကို သေသပ်ကျနစွာ ဝတ်ဆင်ကာ သန့်ရှင်းသပ်ရပ်ခြင်းကို သဘောကျတတ်၏။ စည်းစနစ်ကောင်းကြ၏။ တပည့်များ၏ အရေးနှင့်ကြုံတွေ့လာသည့်အခါ စိတ်ရောကိုယ်ပါ ကူညီဖြေရှင်း ပေးတတ်ကြသည်။

ဥယျာဉ်မှူးတို့သည် စိုက်ပျိုးထားသော ပန်းပင်များကို စနစ်တကျ ရေလောင်းပေါင်းသင်မှုကို ပြုလုပ်ခြင်းသည် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များ ရှင်သန်ကြီးထွားကာ လှပဝေဆာမှုနှင့်အတူ မွှေးပျံ့သောပန်းကလေးများကို ဖူးပွင့်ရန်ဖြစ်သည်။ ပန်းကလေးများအတွက် ပေးဆပ်ခြင်းအပြည့်နှင့် လုပ်ဆောင်နေသကဲ့သို့ စာသင်ကျောင်း၌ အသိပညာ၊ အတတ်ပညာများ သင်ကြားပို့ချနေကြသည့် ဆရာ၊ ဆရာမများသည်လည်း ဥယျာဉ်မှူးများနှင့် တူ၏။ မကောင်းသည့်အရာများကို တားမြစ်သည့် အနေဖြင့်ဆိုဆုံးမခြင်း ကောင်းသည့်အရာများကို သိမြင်ပြီးနားလည်လက်ခံနိုင်အောင် လမ်းညွှန်ပြသခြင်းများပြုမူရပါသည်။ လောက၌ အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုး၊ အတုနှင့်အစစ်ဆိုပြီး ယှဉ်တွဲဖြစ်တည်နေတတ်ကြပါသည်။ ဆရာ၊ ဆရာမများသည် အသိပညာဟူသော မီးအလင်းရောင်ဖြင့် ထိုအရာများကို ပိုင်းခြားဝေဖန်တတ်အောင် ထွန်းလင်းပြသပေးသူများဖြစ်၏။ ပဲ့ကိုင်ရှင်ဟုဆိုသူသည် လှေ၊ သမ္ဗန်များ၏ ဦးထိပ်မှနေကာ ခရီးသည်များသွားလိုသည့်နေရာကို လှော်တက်ကိုကိုင်ပြီး ကြိုးစားလှော်ခတ်ပေးခြင်းပြုရ၏။ လှေကိုရေလယ်၌ မတိမ်းမစောင်း၊ မမှောက်အောင်လည်း သတိဝီရိယထားပြီး ပြုမူလုပ်ဆောင်ရပြန်သည်။ ဆရာ၊ ဆရာမများသည်လည်း တပည့်များ၏ အောင်မြင်မှုခရီးလမ်း၌ အဆင်ပြေချောမွေ့စေရန် လမ်းပြပေးနေသူများဖြစ်သည်။

**❖လူသားတိုင်းလုပ်နိုင်ရန် ခက်ခဲသောအလုပ်ကို အလေးအနက်ထားပြီးလုပ်ဆောင် နေကြသည့် ဆရာ၊ ဆရာမများကို လေးစားမှုရှိရမည်။ အနန္တောအနန္တငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သော ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးတို့သည် တုနှိုင်းဖွယ်မရှိအောင် တန်ဖိုးကြီးမားလွန်းပါသည်။ တကယ်တမ်း စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကိုအရင်းတည်နိုင်ရန်ကား ငွေပေးရုံမျှဖြင့်လည်း မစွမ်းဆောင်နိုင်ပါ။ စစ်မှန်လေးနက်သော ရည်ရွယ်ချက်နှင့်စိတ်ဆန္ဒတို့ တည်ရှိနေမှသာလျှင် စွမ်းနိုင်မည်ဖြစ်၏။ ❖**

ဆရာ၊ ဆရာမများသည်တပည့်များ၏ ကောင်းကျိုးကို အမှန်တကယ်လိုလားသော စိတ်ရင်းစေတနာများ ဖြင့် သင်ကြားပြသနေသူများဖြစ်သည်။ ဇာတ်ကားတစ်ကား၏ ကောင်းခြင်း မကောင်းခြင်းကို ဇာတ်ဆောင်မင်းသား၊ မင်းသမီးများ၏ သရုပ်ဆောင်မှုကိုကြည့်ပြီး ဝေဖန်မှုပြုတတ်ကြ၏။ ဇာတ်ကားတွင် ဇာတ်ပို့ဖြစ်သူမှာ မည်မျှထိကောင်းအောင် ကြိုးစားပြနေစေကာမူ ဇာတ်ဆောင်၏ သရုပ်သည်သာ ပိုမိုပေါ်လွင်စေတတ်၏။ အကြောင်းမှာ ဇာတ်ပို့ဆိုသည့်အတိုင်း ဇာတ်လမ်းအကြောင်းအရာကို မထင်ပေါ်သည့် ဘေးတစ်နေရာမှနေပြီး တွန်းပို့ပေးနေခြင်းသာဖြစ်သည်။ ဒီကလေးကတော့ ဆရာဝန်ကြီးဖြစ်သွားပြီ။ ဟိုသူကတော့ အင်ဂျင်နီယာကြီးဖြစ်သွားပြီ စသည်ဖြင့် လူမှုဝန်းကျင်ထဲတွင် အောင်မြင်မှုကို ချီးကျူးဂုဏ်ပြုနေသည့်အသံများကို ကြားနေတွေ့ရပါသည်။ ဆရာဝန်ဖြစ်လာသူကို လူတိုင်းက အထင်ကြီးလေးစားတတ်ကြသည် မဟုတ်ပါလား။ အင်ဂျင်နီယာကြီးတစ်ယောက်ကိုလူတိုင်းက သဘောကျသည်မဟုတ်ပါလား။ သို့သော် လူတချို့ သတိမချပ်မိသည်မှာ ထိုသို့အောင်မြင်လာအောင် ဆရာဝန်တစ်ယောက်ဖြစ်လာအောင်သင်ပေးခဲ့သည့် ဆရာ၊ ဆရာမများရှိခဲ့သည်။ ပန်းကလေးများ၏ လှပစွာဖူးပွင့်နေကြမှုအပေါ် ပန်းကလေးများကို မက်မောတပ်မက်စိတ်ဖြစ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်။ ထိုသို့လှပအောင် ကြိုးစားလုပ်ဆောင်ပေးခဲ့သည့်ဥယျာဉ်မှူးဆိုသူကို လျစ်လျူရှုထားတတ်ကြ၏။ မည်သို့ဖြစ်ပါစေ ဆရာ၊ ဆရာမတို့သည် မိမိတို့ဘဝ၊ မိမိတို့အလုပ်ကို ကျေနပ်ပီတိဖြစ်နေဆဲပင်။ တပည့်များ၏အရေးကိစ္စတို့၌ ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်ခြင်းဖြစ်သည့်တိုင် ထိုလုပ်ဆောင်မှုကြောင့်ဖြစ်ပေါ်လာမည့်ကိုယ်ကျိုးကိုမမျှော်ကိုး။ စီးပွားရေးဆန်သောအမြင်များမထားရှိ။ အမြင့်သို့ ပျံတက်နိုင်သည် ထက်ပိုပြီးတက်နိုင်အောင် အစွမ်းကုန်ကြိုးစားတွန်းတင်ပေးနေကြ၏။ ထိုသို့ ပြုမူခြင်းမှ ပြန်လည်ခံစားရရှိလာသည့် ပီတိဆိုသောအရသာလေးကိုသာ မြိန်ရှက်စွာနှင့်ခံစားနေကြသူများဖြစ်သည်။

အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ မည်သူတစ်ဦးတစ်ယောက်၏ ညွှန်ကြားတောင်းဆိုမှုမှမပါဝင်ပါဘဲ လုပ်ဆောင်ခြင်းသည်ကား ထိုသူ၏စိတ်ဆန္ဒကြောင့်ဖြစ်၏။ ဆရာ၊ ဆရာမတို့သည် မိမိသိထား၊ တတ်ထားသည့်ပညာရပ်များကို အများသူငါတတ်သိစေခြင်းငှာ ဝေငှလိုစိတ် ဆန္ဒရှိသူများဖြစ်ကြသည်။ လောကအတွက် အမှောင်ကိုခွင်းပြီး အလင်းဆောင်သူဖြစ်ခွင့်ရနေပါလျှင် ကျေနပ်နေသူများဖြစ်၏။ ဝါသနာကိုအရင်းတည်ပြီး ပြုံးပြုံးလေးနှင့် မိမိဘဝဖြစ်တည်မှုကို အားရကျေနပ်နေသူများဖြစ်ကြသည်။ တော်သော၊ တတ်သော၊ အောင်မြင်သောတပည့်များ မွေးထုတ်ပေးနိုင်ခြင်းအပေါ် ဂုဏ်ယူနေကြသူများလည်းဖြစ်၏။

လူတို့သည် သာလွန်မြင့်မြတ်မှုကိုသဘောကျ၏။ အရာရာ၌ မိမိကအသာရနေပါလျှင် နှစ်ခြိုက်အားရတတ်ကြ၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြ၏။ ဤသည်ကား လောက၏သဘောသဘာဝတစ်ခုဖြစ်သည်။ ဆရာ၊ ဆရာမများသည် တပည့်တို့၏အရေးကိစ္စများနှင့်ပတ်သက်လာပါလျှင် အနာခံပေးကာ ကျေနပ်ကြ၏။ ကြမ်းသဖွယ်အနင်းခံပေးရင်း အမြင့်ကို ပျံသန်းသွားကြမည့်ငှက်ကလေးများကို မော့ကြည့်လိုစိတ် ပြင်းပြနေကြ၏။ သွေးသားမတော်စပ်မှုကြောင့် သွေးကစကားမပြောသည့်တိုင် နှလုံးသားဖြင့် စကားပြောသူများဖြစ်ကြ၏။ တပည့်များအတွက် လိုအပ်လာပါက ကူညီပေးဆပ်ရန် ဝန်မလေးတတ်ကြပေ။ မိမိ၏တပည့်လေးများအမြင့်ကို ရောက်ရှိနိုင်ရန် အနင်းလည်းခံသည်။ အိုးထိန်းသည် တစ်ယောက်သည် အိုးများကို တင့်တယ်စေခြင်းငှာ ရိုက်ခတ်ခြင်းဖြစ်၏။ အိုးကောင်းတစ်လုံးဖြစ်ပေါ်လာရန်အတွက် နာနာရိုက်သင့်လျှင် နာနာရိုက်ခတ်ပေးရသည်။ ဆရာ၊ ဆရာမများသည်လည်း တပည့်များအပေါ်၌ ထိုနည်းတူစွာပင်ဖြစ်သည်။

ပညာတည်းဟူသော ကုသိုလ်အထုပ်ကြီးကို ထုပ်ပိုးကာ နောင်သံသရာအရေးအတွက် လျှောက်လှမ်းနေကြသူများဖြစ်၏။ လောက၌ ပညာပါရမီသည် အမြင့်မြတ်ဆုံးသော ပါရမီတစ်ခုဖြစ်၏။ ထိုအချက်ကို လူတိုင်းလိုလို သိကြပါသည်။ လူတိုင်းလိုလို ကြားဖူးကြပါလိမ့်မည်။ သို့သော် တကယ်တမ်းလက်တွေ့လုပ်ဆောင်နိုင်ရန်ကား စိတ်ထင်သလောက်မလွယ်ကူပါ။ လူတစ်ယောက်သည် အသိပညာများမည်မျှပင်ရှိနေစေကာမူ အတတ်ပညာများမည်မျှထိ ကုံလုံပြည့်ဝနေစေကာမူ အများသူငါကို မိမိသိသလို မိမိနားလည်ထားသလို အမှန်တကယ်သိစေတတ်စေလိုသည့်စိတ်မရှိပါလျှင် အချည်းနှီးသာဖြစ်စေ၏။ အများကောင်းကျိုးကို သယ်ပိုးနေကြသည့် ဆရာ၊ ဆရာမများသည် ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးလိုမြဲအောင်၊ ခိုင်ခံ့အောင် ထိန်းသိမ်းထားသူများဖြစ်ကြသည်။ အသပြာမချမ်းသာသည့်တိုင် လူအများက ဆရာဟု သိလိုက်မြင်လိုက်သည်နှင့်အခါ ထိုသူတို့၏စိတ်၌ လေးစားမှုဖြစ်ပေါ်စေရမည်ဟု ခိုင်မာသော သန္နိဋ္ဌာန်များချထားသူများဖြစ်ကြ၏။ တပည့်များ၏ အမြင်၌ စံနမူနာဖြစ်အောင် နေထိုင်ပြုမူပေးကြကာ ပတ်ဝန်းကျင်အလယ်၌လည်း ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး ပြုမူနေကြသူများဖြစ်၏။

ထို့ကြောင့် လူသားတိုင်းလုပ်နိုင်ရန် ခက်ခဲသော အလုပ်ကို အလေးအနက်ထားပြီး လုပ်ဆောင်နေကြသည့် ဆရာ၊ ဆရာမများကို လေးစားမှုရှိရမည်။ အနန္တောအနန္တငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သော ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးတို့သည် တုနှိုင်းဖွယ်မရှိအောင် တန်ဖိုးကြီးမားလွန်းပါသည်။ တကယ်တမ်း စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာသုံးနာကို အရင်းတည်နိုင်ရန်ကား ငွေပေးရုံမျှဖြင့်လည်း မစွမ်းဆောင်နိုင်ပါ။ စစ်မှန်လေးနက်သော ရည်ရွယ်ချက်နှင့် စိတ်ဆန္ဒတို့ တည်ရှိနေမှသာလျှင် စွမ်းနိုင်မည်ဖြစ်၏။ သို့ဖြစ်ရာ လောကအလယ်ကပြနေဖြစ်သည့် အောင်မြင်မှုဇာတ်ခုံကြီး၏ နောက်ကွယ်မှ ဇာတ်ပို့ ဇာတ်ရံများအဖြစ် ရှိနေကြသည့် ဆရာ၊ ဆရာမများ၏ ကျေးဇူးတရားတို့ကိုတပည့်များအနေဖြင့် လေးစားတန်ဖိုးထားရမည်ဖြစ်ပေသည်။

# လပွတ္တာမြို့နယ် လုပ်တောင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကျင်းပ

လပွတ္တာ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၄ ရက်က လပွတ္တာမြို့နယ်၊ လုပ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူမှ ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပြီး အလုပ်အကိုင်ရရှိစေရေးအတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်စက်သင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ သင်တန်းသူများအနေဖြင့် လက်တွေ့နယ်ပယ်တွင် စက်ချုပ်ပညာဖြင့် မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် စဉ်ဆက်မပျက် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးမှ သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူကို လုပ်ငန်းခွင် အသုံးချနိုင်ရန်အတွက် အပ်ချုပ်စက်တစ်လုံးပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက သင်တန်းဆင်းလက်မှတ်များကိုသင်တန်းသူများထံသို့ လည်းကောင်း၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်မွန်မှ သင်တန်းနည်းပြဆရာမကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်တွင်းရှိ ကျေးရွာပေါင်း ငါးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁ ရက်မှ ဇွန် ၁၄ ရက်ထိဖြစ်ပြီး သင်တန်းတွင် ကျွမ်းကျင်သင်တန်းနည်းပြမှ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

ဝတ္ထုတိုကလျာ

# ထို့ကြောင့် ဤအရာကို

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

"ကျုပ် သံညှပ်ဆင်တုန်းက ဆရာလေး ထိန်ပင် အောက်ရောက်နေလို့ မသိလိုက်တာပါ။ သံညှပ်မဆင် ခင်မှာ အိုင်ထဲက ငါးပေါက်ကလေးတွေ လေးငါးဆယ် ကောင်လောက် လက်နဲ့စမ်းပြီး ခါးပိုက်ထဲထည့်ထားရ သေးတယ်။ ပြီးတော့ သံညှပ်ထောင်တယ်။ သံညှပ်ကို မမြင်အောင် အပေါ်က နွံနဲ့ခပ်ပါးပါးဖုံးထားရတယ်။ ပြီးမှ ဖမ်းယူထားတဲ့ ငါးပေါက်စလေးတွေကို သံညှပ် ပတ်ပတ်လည် နွံ့ပြင်ပေါ်မှာ မြင်သာအောင်ဖြန့်ပြီး ချထားလိုက်ရတယ်။ ဒါမှ ကောင်းကင်ပေါ်က ပျံလာတဲ့ ဗျိုင်းတွေမြင်ပြီး ဆင်းလာမှာကိုး။ ဒါမှ မဟုတ်ရင်လဲ ရေထဲကပေါ်လာတဲ့ ငါးတွေစောင့်ရင်း နွံ့ပေါ်မှာ ထထခုန်နေတဲ့ ငါးကလေးတွေမြင်မယ်။ ဒီတော့ တစ်ချက်ကောင်း၊ တစ်ချက်ကောင်း၊ အသာ ကောက်ကောက်စားရင်း အာသာမဖြတ်နိုင်တဲ့ သံညှပ်နားရောက်လာရော၊ ဒီတော့ နင်းလဲ နင်းမိရော ဟော ဖျောင်းခနဲ ဖျောင်းခနဲပေါ့ ဆရာလေးရယ်"

"အင်း အင်း ကုန်ပါပြီဗျာ။ ဗျိုင်းတွေကို အစာလောဘ တက်လာအောင် မြှူဆွယ်ရတာကိုး။ လူတို့ ပရိယာယ် ဗျိုင်းသူငယ် နားဝယ် မလည်ရှာ ဆိုပါတော့။ ဟား... ဟား... ဟား..."

(၃)

"ဟဲ့ကောင် ညို၊ ကပ်တော့လေကွာ၊ ကပ်တော့ ချောင်းဖျားရောက်နေပြီဟ။ ရေကလဲ တော်တော် တက်နေပြီပဲ။ အလို မင်းကောင်တွေလဲ အပင်တွေမှာ တော်တော်ကပ်နေပြီဟေ့"

ကိုညိုက လှေကိုကမ်းသို့ အရှိန်သတ်၍ကပ်၏။ ချောင်းဖျားကလေးတစ်ခွင်လုံး ဓနုန်းတောကြီး တွေ၊ လမုပင်တွေ၊ ကိုင်းပင်တွေ၊ ခရာပင်တွေ တောထနေသည်။

ကြည့်စမ်း လမုပင်၏ပင်စည်တွင် ပြည့်တက် လာသော ရေနှင့် လွတ်ရုံကလေးမှာ တုပ်တုပ်ခဲအောင် တွယ်ကပ်နေကြသည်။ အခွံခွာထားသော ကွမ်းသီး လုံးအရွယ်ခန့် ကနစိုခရုတွေပါလား။ လက်နှင့်အသာ ခွာယူလိုက်ရုံပင်။ ဆရာလေးလည်း အစကတော့ ရွရွတက်နေသော ခရုကောင်တွေကို ကိုင်ရသည်မှာ အသည်းယားနေသေးသော်လည်း ခဏကြာတော့ ပင်စည်တွင်ကပ်နေသော ခရုကလေးတွေ ခွာယူ လိုက်၊ လှေဝမ်းထဲပစ်ထည့်လိုက်နှင့် ပျော်စရာပင် ကောင်းသေးတော့သည်ဟုထင်လာပြီ။

သူတို့ အခုလို ကနစိုခရုကောက်ထွက်မလာမီက ဘကြီးသာကျော်နှင့် ဝိုင်းဖွဲ့ပြီး ပြောခဲ့သောစကား များကို ပြန်၍သတိရ၏။

"အခြားအစားအစာတွေတော့ ဆရာလေးက တော်တော်စုံပြီ။ ကနစိုခရုတော့ မစားရသေးဘူး မှတ်တယ်။ မင်းတို့ထဲက ဒီညပိုက်ဆွဲ မဆင်းတဲ့ ကောင်တွေ သွားကောက်ကြကွာ။ ရေပြည့်ချိန်ဆို ချောင်းဖျားမှာ အားကြီးပဲဟေ့။ ဟိုတစ်နေ့က ဓမင်းနွယ်သွားခုတ်ရင်း တွေ့ခဲ့တယ်ကွ။ အချိန်မရလို့ မကောက်ခဲ့ရဘူး"

ပိုက်ဆွဲ မဆင်းဘဲ နားနေကြသော ကိုတင်အုံးတို့ လူစုက တက်ကြွစွာနှင့်

"ကောက်ဆိုရင်တော့ သွားကောက်မယ်ဗျာ၊ ချက်တာပြုတ်တာ သုပ်တာတော့ သူများခိုင်းဗျ"

ခရုဆိုသည့် အသံကိုကြားလျှင် စားပင်သီးပင် တွေပေါ် တွယ်တက်နေတတ်သော ခရုကြားကြီး တွေကို သွားမြင်ကာ ပျို့ချင်၊ အန်ချင်ဖြစ်လာသော ဆရာလေးက

"ဟာ... နေပါစေ ဘကြီးရာ။ ကျွန်တော် ကျွန်တော်" နှင့် စကားထစ်နေပြီးမှ အားနာစွာနှင့် "ကိုတင်အုံးတို့ အလုပ်ရှုပ်နေပါ့မယ်"ဟု စကားဆက်၏။

ဦးသာကျော်က တဟဲဟဲ ရယ်ရင်း

"ဆရာလေးက ခရုဆိုလို့ စားဖို့ ရွံ့သွားပုံရတယ်။ အခြား ခရုမျိုး မဟုတ်ပါဘူး ဆရာလေးရဲ့။ ကနစို ခရုဗျ။ ကနစိုခရု ဆရာလေးတို့အညာဘက်က မြစ်တွေ၊ ချောင်းတွေမှာ မရှိဘူးဗျ။ ကျုပ်တို့အောက် အရပ် ရေချိုရေငန်စပ်တဲ့နေရာတွေမှာမှရှိတာ။ အကောင် ကလဲ ဘာရှိမှာလဲ။ မသကာ လူကြီးလက်မ သာသာပေါ့ "

"ကျုပ်တို့ အရပ်သားတွေအတွက်ကတော့ သရေ စာလဲ ဟုတ်၊ ဟင်းစားလဲ ဟုတ်တာပေါ့ဗျာ။ ကိုယ်စားချင်တဲ့အချိန်မှာ ရတတ်တာမျိုးမဟုတ်ဘူး ဗျ။ အခုလို မိုးဦးကျကာလလောက်မှ ရတတ်တယ်။ ဟိုးအရင်တုန်းကတော့ ကျုပ်တို့အရပ် ကမ်းစပ် တွေမှာ ကနစိုပင်တွေက အလွန်ပေါတာကလား။ အခုတော့လဲ မရှိတော့သလောက်ပါပဲ။ အဲဒီ ကနစိုပင်ကြီးတွေမှာ တွယ်ကပ်နေကြတာ ကျုပ်ငယ်ငယ်က မီခဲ့တာပေါ့လေ"

"ဒါကြောင့်လဲ ကနစိုခရုလို့ခေါ်ကြတယ်ထင်ပါရဲ့။ အခုတော့ ကမ်းစပ်တွေ ရေပြည့်တဲ့အခါ ရေလွတ်ရုံ နေရာကလေးတွေမှာ တွယ်ကပ်နေကြတာပေါ့။ လမုပင်တို့၊ ဓနိပင်တို့၊ ကိုင်းပင်တို့ ၊ ကိုယ်ရုံကြီး ပင်တို့ မှာ သိပ်ပေါတာပေါ့"

"ရေစစ်ချိန်ဆိုရင် ရှာလို့မရနိုင်ဘူးဗျ။ သူတို့ အစာရှာထွက်ကြတဲ့အချိန်ကိုး။ သူတို့စားတာက မြေဆီမြေနှစ်၊ ရေညှိရေမှော်တွေပဲ စားတာဗျ။ အင်မတန် သန့်တယ်"ဟုပြောပြီး ရေနွေးကြမ်း တစ်ခွက်ငှဲ့၍သောက်သည်။

"ဟုတ်တယ် ဆရာလေးရဲ့။ ခရုတွေ ရလာရင် ရေစင်စင်ဆေးပြီး ကျက်အောင်ပြုတ်ရတယ်။ ပြီးရင် ချိတ်ကလေးနဲ့ အဆန်ထွတ်ပြီး ပဲမှုန့်၊ ဆီချက်၊ ရှောက်ရွက်၊ ရှောက်ရည်ကလေး ထည့်ညှစ်ပြီး သုပ်စားရင် တထုတ်ထုတ်နဲ့ ဘယ်ပြောကောင်းမလဲ အစပ်ကလေး စားချင်ရင်ငရုတ်သီးစိမ်းလေး ကိုက်ပေါ့။ ပြီးတော့ ဟင်းခါးလေး သောက်ချင်သပဆိုရင် ပိတ်စွယ်ကလေးနဲ့ ဟင်းခါးချက်လိုက်ရင် အလွန်ချိုတာပေါ့။ ဟင်းခါးထဲခရုတွေ အကောင်လိုက် ထည့်ချက်ပြီး ဟင်းခါးရည်တစ်ဇွန်း သောက်လိုက် ခရုကလေးဆယ်ပြီး ပန်းကန်နှုတ်ခမ်းမှာ ဆတ်ခနဲ ခေါက်ချလို့ အဆန်ထွက်လာရင် စားလိုက်နဲ့ ပျော်စရာကြီးပေါ့တော်"

ဘကြီးသာကျော်မိန်းမ ဘွားမယ်လှက ပြောပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီး ငေါ့လိုက်သေး၏။ ပြီးမှ

"ပြောရင်း ပြောရင်းနဲ့ ကျုပ်တောင် စားချင်လာ ပြီ။ ဟဲ့ ကောင်ကလေးတွေ သွားမှာဖြင့်လဲ မြန်မြန် သွားကြ။ ဟင်းခါးချက်ဖို့နဲ့ အသုပ်သုပ်ဖို့ ငါနဲ့ ညိုမြ တာဝန်ထား။ နင်တို့ တာဝန်က ကနစိုခရုတွေ တစ်ခွဲ သားလောက်ရအောင် ကောက်ခဲ့ကြ"

ဘွားမယ်လှ၏ အမိန့်ချသံအဆုံးတွင် ဆရာလေး တို့ သုံးယောက်သား လှေကလေးပေါ် ရောက်ခဲ့ကြ၏။ ရေပြည့်နေသော ချောင်းကမ်းစပ်တစ်လျှောက် ခရုတွေတွယ်ကပ်နေသည့် အပင်မှန်သမျှ လှေနှင့် ဘေးကပ်ပြီး ခွာယူလိုက်၊ လှေဝမ်းထဲပစ်ထည့် လိုက်နှင့် တစ်ခွဲသားလောက်ရနေပါပြီ။

"တော်ပြီဟ တော်ပြီဟ။ ဒီလောက်ဆို လောက် တယ်ကွ။ မိုးတောင် အတော်ချုပ်လာနေပြီ။ ပြန်မယ်ကွ"

လှေပဲ့မှ ကိုညိုက ပြောလိုက်သည်။

"နေစမ်းပါအုံးကွာ စားစရာဆိုတာပိုတယ်ရှိသလား ကွ။ များများပါသွားတော့ ဘွားမယ်လှက မင်းတို့ကို ပါးရိုက်မှာမို့လား။ တွေ့တုန်း ရသလောက် ကောက် သွားရအောင်ပါ"

ကိုတင်အုံးက ကိုင်းပင်ကြားက ဓနိပင်တစ်ပင်မှာ တွယ်ကပ်နေသော တစ်ပြည်သားခန့် ခရုကလေးတွေ လှမ်းကြည့်ရင်း ထားခဲ့ရမှာ နှမြောဟန်နှင့်တားသည်။

"သွားကြရအောင်ကွာ။ ဆရာလေးကလဲ ဗိုက်ဆာနေရောပေါ့။ အိမ်ကျပြုတ်ရမှာနဲ့ အဆန် ထွတ်ရမှာနဲ့ ကြာအုံးမှာကွ"

"ဟာ ရပါတယ် ကိုညိုရဲ့။ ကျွန်တော်မဆာ သေးပါဘူး "

ခရုတွေခွာယူရတာ ပျော်နေပုံပေါက်သော ဆရာလေးကပါ ပြောနေသဖြင့် ကိုညိုက ဘာမှပြော မနေတော့ဘဲ လှေကိုအသာကပ်ပေးသည်။

ဓနိပင်တွင် တွယ်ကပ်နေသော ခရုများကို ကုန်အောင်ပင် မခွာရသေး။ ဓနိပင်နှင့်ကပ်လျက် ကိုင်းပင်ရှုပ်ရှုပ်တွေကြားက ဖွီးခနဲ ဖွီးခနဲ နှာမှုတ်သံ ပြင်းပြင်းကြီးကို ကြားလိုက်ရသဖြင့် သုံးယောက် သား အလန့်တကြားကြည့်မိကြ၏။ ကိုင်းတောစပ်ရှိ ဆန်ကောတစ်ချပ်စာမက ကြီးမားလှသော အသိုက် ကြီးထဲမှ နှစ်တောင်ခန့် မြင့်အောင် ခေါင်းထောင်ပြီး ပါးပျဉ်းကြီးခွက်ကာ ဒေါသတကြီးနှင့် နှာမှုတ်နေ သော ငန်းမြွေကြီးကို တွေ့လိုက်ရလေတော့၏။

လှေဦးမှ ကိုတင်အုံးက သူနှင့် အနီးဆုံးဖြစ်သော မြွေကြီးကို ကြောက်လန့်တကြားကြည့်ရင်း "ဟိုက် ဒုက္ခပဲ ငန်းပုပ်ကြီးဟ ငန်းပုပ်ကြီး"ဟု အော်လည်း အော် လက်ကလည်း လှော်တက်ကို ကောက်ကိုင်ကာ ဓနိပင်ကို ထိုးပြီး ကမ်းမှအမြန်ခွာထွက်လိုက်သည်။ လှေလယ်တွင် လိုက်လာသော ဆရာလေးကတော့ သူ့တစ်သက်မှာ သည်လောက်ကြီးသည့် မြွေကြီးကို တစ်ခါမှ မမြင်ဖူးဘူး။ ယခုလို အသက်အန္တရာယ်နှင့် လည်း အလွန်နီးကပ်စွာမကြုံဖူးလေရာ ဘာမှမလှုပ် ရှားနိုင်ဘဲ ကြက်သေသေ၍ ပါလာခဲ့လေ၏။

မြွေကြီးနှင့် လှေ လေး၊ ငါးဆယ်ပြန်မက ဝေးအောင် လှော်ထွက်ပြေးလာခဲ့ပြီးမှ ဆရာလေးက နောက်သို့ပြန်လှည့်ကြည့်ရင်း

"မြန်မြန်လှော်ကြပါဗျ။ မတော်လို့ မြွေကြီး လိုက်လာမှဖြင့်"ဟု တုန်ယင်သောအသံကြီး နှင့်ပြောသည်။

"မလိုက်တော့ပါဘူး ဆရာလေးရာ၊ စိတ်ချပါ။ သူ့ကိုလဲ ရန်မရှာဘူး။ သူ့အသိုက်ကိုလဲ မဖျက်ဘူး။ သူ့ဥတွေလဲ ယူမလာခဲ့ဘူးဆိုတော့ လိုက်စရာ အကြောင်း မရှိပါဘူး။ သူ့အသိုက်နား ကျုပ်တို့က သွားကပ်မိတော့ သူနဲ့ဥတွေကိုများ ရန်ရှာမလား ဆိုပြီးတော့ မာန်ဖီသံပေးတာပါ။ တကယ်လို့ လိုက်လာမယ်ဆိုရင်တောင် ကြောက်စရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့နှစ်ယောက်လှော်တဲ့ လှေကို မီအောင်မလိုက်နိုင်ဘူး စိတ်ချ"

ကိုညို၏စကားကို ကြားလိုက်ရတော့မှ ဆရာ လေးက စိတ်အေးသွားပုံနှင့် သက်ပြင်းကြီးတစ်ချက်ချ လိုက်၏။ ပြီးတော့ နွေတုန်းက သံညှပ်နှင့် ဗျိုင်းထောင် စဉ်က ကိုညို့ ပြောစကားတွေကိုသွားသတိရသည်။ ဗျိုင်းဆိုသည်မှာ တိရစ္ဆာန်ဖြစ်၏။ အိပ်စားကာမ ထိုသုံးဝကိုသာသိ၏။ သူ့တစ်ဝမ်း တစ်ခါးဝဖို့ အတွက် လောဘတက်မိတာနှင့်ပင် သူတို့အသက်ကို ပေးဆပ်ခဲ့ပြီးပြီ။

မိမိတို့က အသိဉာဏ်ရှိသည့် လူသားတွေဖြစ်၏။ ဒါတောင်လောဘတဏှာကိုထိန်းချုပ်နိုင်ခဲ့ပါ၏လော။ အင်း လောဘစိတ်၊ လောဘစိတ် မိမိတို့ စားဖို့အတွက် လုံလောက်နေတာတောင်မှ ထပ်၍တွေ့သောအခါ လောဘကို မချိုးနှိမ်နိုင်ဘဲ လောဘ၏စေရာနောက် ကို လိုက်ခဲ့မိသည့်အတွက် အသက်ကို ပေးရတော့မလို့ သီသီလေးပါတကား။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၉၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၉၃၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ပဲစင်းငုံဧက၂၅၄၁၀ စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၉၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း ပဲစင်းငုံဧက ၂၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## တည်တံ့ကာ တိုးပွားဖို့

- ဒို့တာဝန် အရေးသုံးပါး
  အလေးထား စိတ်တူညီ၊
  ဥမကွဲ သိုက်မပျက်
  တိုးတက်စေရည်၊
  မျိုးဆက်တို့ အားမာန်ချီ
  တို့မြန်ပြည် သာယာရေး၊
  နိုင်ရာဝန် တစ်ဖက်တစ်လမ်းက
  ဝန်ထမ်းကြလေး။

- မနာလို မုန်းတရား
  ရှောင်ရှားကြ ဘဝတာ၊
  ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
  ရိုးသားကြပါ၊
  ဖွဲ လို့လ ဝီရိယသာ
  ရှိကြကာ အသိသတိ၊
  ကိုယ့်ဘဝ ကိုယ့်တက်လမ်း
  မျှော်မှန်းစေ၏။

- ချစ်ကြည်ဖြူ တို့ဘဝ
  လှပလျက် ငြိမ်းချမ်းစေ၊
  ပြည်မြန်မာ အလှပန်း
  လန်းဆန်းကာနေ၊
  ဖွံ့ဖြိုးတိုးတက် သည်ရေမြေ
  တို့တစ်တွေ တန်ဖိုးထားလျက်၊
  တည်တံ့ကာ တိုးပွားဖို့
  ကြိုးစားရှေ့ဆက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလောက် ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးသလောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ငါးသလောက်ကို ဝယ်ယူမှုများပြားနေပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း ငါးသလောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ဒီဘက်က ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ရွှေမောင်းစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရွှေမောင်းစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေမောင်းစွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဖျာပုံ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ ထမ်းဆောင်ရမည့်တာဝန်နှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်းကွင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

ပိုက်တင်

# နိုင်ငံသားများ စည်းလုံးညီညွတ်ရေး

နိုင်ငံတစ်နိုင်ငံရဲ့ အောင်မြင်မှု၊ ကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းသာယာရေးဆိုတာ နိုင်ငံသားပြည်သူများရဲ့ စည်းလုံးညီညွတ်မှုအပေါ် အဓိကမူတည်ပါတယ်။ စည်းလုံးညီညွတ်မှုမရှိတာနဲ့ နိုင်ငံတစ်နိုင်ငံဟာ ပြည်တွင်းရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံတကာဆက်ဆံရေး စတဲ့ကိစ္စရပ်အားလုံးမှာ အခက်အခဲများနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ နိုင်ငံသားများ စည်းလုံးညီညွတ်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက် ၉ ချက်ရှိပါတယ်။

**၁။ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး ခွဲခြားရှုမြင်မှုကင်းခြင်းက** ညီညွတ်မှုကို ထောက်ကူပါတယ်။ နိုင်ငံတစ်နိုင်ငံတွင် လူမျိုးစု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံရေးအမြင်များ ကွဲပြားနိုင်သော်လည်း နိုင်ငံသားတိုင်း တန်းတူညီမျှဆက်ဆံခံရခြင်းနဲ့ ရသင့်ရထိုက်တဲ့ အခြေခံအခွင့်အရေးများ ညီမျှစွာရရှိခြင်းဟာ စည်းလုံးညီညွတ်မှုအတွက် အခြေခံဖြစ်ပါတယ်။ တန်းတူညီမျှတဲ့ အခွင့်အရေးတွေကို လူတိုင်းက ခံစားရရှိနေမယ်ဆိုရင် အချင်းချင်းအမြင်မကြည်လင်မှုတွေ ဖြစ်ပေါ်စရာအကြောင်း မရှိတော့ပါဘူး။

အစိုးရနှင့် လူမှုအဖွဲ့အစည်းများက ခွဲခြားဆက်ဆံမှုမရှိတဲ့ လူ့အဖွဲ့အစည်းပုံသဏ္ဌာန် ဖြစ်တည်စေဖို့အတွက် ထိရောက်တဲ့မူဝါဒများ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံသား ပြည်သူများအနေနဲ့ လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေးနဲ့ နိုင်ငံရေးကိစ္စရပ်များမှာ နိုင်ငံသားအချင်းချင်း မတူကွဲပြားမှုများကို သည်းခံတတ်၊ နားလည်တတ်တဲ့ စိတ်နေသဘောထားများ၊ အမူအကျင့်များ ရှိလာစေရေး ပညာပေးခြင်း၊ စည်းမျဉ်းများနဲ့ ထိန်းကျောင်းခြင်း စတာတွေ ဆောင်ရွက်နိုင်ရပါမယ်။

**၂။ အခြေခံဥပဒေအပါအဝင် တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားခြင်း**ရှိလာတာနဲ့ အမျှ နိုင်ငံသားတို့အချင်းချင်းကြား သဟဇာတဖြစ်မှုကနေတစ်ဆင့် ရေရှည်ခိုင်မာတဲ့ သွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်ပါတယ်။ တရားဥပဒေ စိုးမိုးမှုရှိမှသာ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး လွတ်လပ်ပျော်ရွှင်ရေးတို့ကို မျှော်လင့်နိုင်ကြမှာဖြစ်ပါတယ်။

လူတိုင်းက ဥပဒေများရဲ့တန်ဖိုးကို နားလည်ကြပြီးတော့ ဥပဒေစည်းမျဉ်းများက လူ့ဘောင်လောကသာယာရေးအထိန်းအကွပ်ဖြစ်ကြောင်း နိုင်ငံသားတိုင်းက အလေးအနက်သိရှိခံယူကြမှသာ နိုင်ငံသားအချင်းချင်းကြား ယုံကြည်မှုရှိလာပြီး နိုင်ငံနဲ့ လူ့ဘောင်အဖွဲ့အစည်းလဲ တည်ငြိမ်မှုရှိမှာ ဖြစ်ပါတယ်။ ဥပဒေကို လေးစားလိုက်နာခြင်းဖြင့် လူမှုဘဝမျှတမှုကို လက်တွေ့အထောက်အပံ့ဖြစ်လာတာနဲ့အမျှ တရားမျှတမှုရှိတယ်ဆိုတဲ့ စိတ်ခံစားချက်ကို နိုင်ငံသားများ ခံစားလာရနိုင်လို့ အချင်းချင်း ညီညွတ်ရေးကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။

ဒီလို လက်တွေ့ ဖြစ်လာဖို့အတွက်ဆိုရင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးစနစ်များဟာ ပွင့်လင်းမြင်သာမှုရှိလာဖို့ စနစ်ကိုတိတိကျကျ တည်ဆောက်ရပါမယ်။ နိုင်ငံသားများကို အယုတ်အလတ်အမြတ်မရွေး ဥပဒေနဲ့အညီ အခွင့်အရေးများ ရရှိကြဖို့ ကာကွယ်ကူညီပေးနိုင်ရပါမယ်။

**၃။ ပညာရေးကဏ္ဍရဲ့အရေးပါမှုကို** အများပြည်သူ နားလည်စေရေး ဆောင်ရွက်ဖို့ပါ။ ပညာရေးဆိုတာ လူမှုစည်းလုံးညီညွတ်မှုအတွက် တော်တော်အဓိကကျတဲ့သော့ချက်ဖြစ်ပါတယ်။ အဆင့်မီပညာရေးစနစ်နဲ့ ပညာတတ်လာသူအများစုဟာ အမျိုးမျိုးသော လူမှုအဖွဲ့အစည်းများမှာ လူအချင်းချင်း သဟဇာတဖြစ်စွာ နေထိုင်တတ်ကြပါတယ်။

**❖အဆင့်မီပညာရေးစနစ်နဲ့ ပညာတတ်လာသူအများစုဟာ အမျိုးမျိုးသော လူမှုအဖွဲ့အစည်းများမှာ လူအချင်းချင်း သဟဇာတဖြစ်စွာနေထိုင်တတ်ကြပါတယ်။ အခမဲ့ပညာရေး၊ မသန်စွမ်းသူများအတွက် ပညာရေးအပါအဝင် ပညာရေးအခွင့်အလမ်းများနဲ့ ခေတ်မီပညာရေးစနစ်တစ်ရပ်ပေါ်ပေါက်လာဖို့ တိုးမြှင့်တည်ဆောက်ဖို့ဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုတန်ဖိုးများကို မြှင့်တင်ပေးနိုင်တဲ့ သင်ရိုးညွှန်းတမ်းများ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ပညာရေးနိမ့်ကျနေခြင်းက စည်းလုံးညီညွတ်မှုပြိုကွဲရေးကို တိုက်ရိုက်ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတစ်ရပ်ပါ။ ❖**

အခမဲ့ပညာရေး၊ မသန်စွမ်းသူများအတွက် ပညာရေးအပါအဝင် ပညာရေးအခွင့်အလမ်းများနဲ့ ခေတ်မီပညာရေးစနစ်တစ်ရပ် ပေါ်ပေါက်လာဖို့ တိုးမြှင့်တည်ဆောက်ဖို့ဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုတန်ဖိုးများကို မြှင့်တင်ပေးနိုင်တဲ့ သင်ရိုးညွှန်းတမ်းများ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ပညာရေးနိမ့်ကျနေခြင်းက စည်းလုံးညီညွတ်မှုပြိုကွဲရေးကို တိုက်ရိုက်ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတစ်ရပ်ပါ။

**၄။ လူ့အဖွဲ့အစည်းအတွင်း ရောင်စုံကွဲပြားသော ယဉ်ကျေးမှုများအပေါ် လေးစားခြင်း၊ စောင့်ထိန်းရမဲ့ ကျင့်ဝတ်များကို သိရှိလိုက်နာခြင်း**ကလဲ ပိုမိုကျစ်လျစ်တဲ့ လူ့အဖွဲ့အစည်းအတွင်း စည်းလုံးမှုကို အများကြီး ထောက်ပံ့ပေးပါတယ်။ နိုင်ငံတွေအများစုမှာ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေရှိပါတယ်။ အဲဒီမတူကွဲပြားမှုတွေကို နိုင်ငံသားတိုင်းက နားလည်ခြင်း၊ လေးစားခြင်းအားဖြင့် လူမှုရေး စည်းလုံးမှုကို များစွာအားကောင်းစေပါတယ်။

လူများစုက လူနည်းစုကို၊ လူနည်းစုက လူများစုကို အထင်သေးခြင်း၊ ချိုးနှိမ်ခြင်း၊ မလေးစားခြင်း စတဲ့အလေ့အကျင့်တွေ ကြီးစိုးနေတဲ့ လူ့အဖွဲ့အစည်းမှာ နိုင်ငံသားတွေ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင် အင်မတန်မှ ခက်ခဲတတ်ပါတယ်။

**၅။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားအားလုံးရဲ့ ယုံကြည်မှုနဲ့ ဆန္ဒများကို မျှမျှတတ လေးစားတန်ဖိုးထားခြင်း**သာ ညီညွတ်တဲ့ လူ့ဘောင်အဖြစ် ပုံဖော်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံသားတိုင်းမှာ မတူကွဲပြားတဲ့ အမြင်၊ ယုံကြည်ချက်၊ ရပ်တည်ချက်၊ ဆန္ဒများ ရှိကြမှာဖြစ်ပြီး နိုင်ငံသားအချင်းချင်းကြား ယုံကြည်ချက်ကြောင့် ပဋိပက္ခမဖြစ်ကြဘဲ ငြိမ်းချမ်းစွာ မတူကွဲပြားခွင့်ကို တန်ဖိုးထားလာကြဖို့လိုပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးတာဆိုရင်လဲ ဒီမိုကရေစီနည်းလမ်းများနဲ့ မျှမျှတတစဉ်းစား၊ မျှမျှတတဆုံးဖြတ်၊ မျှမျှတတ လုပ်ကိုင်ဆောင်ရွက်တဲ့ ဓလေ့၊ အကျင့်စရိုက်နဲ့စနစ်များ အခိုင်အမာရှိနေဖို့ အရေးကြီးပါတယ်။

**၆။ စီးပွားရေးအခွင့်လမ်းများ တန်းတူညီမျှမှုရှိခြင်း၊** ကောင်းမွန်သင့်တင့်တဲ့ဝင်ငွေ၊ အခြေအနေများ ရှိခြင်းအားဖြင့်လည်း လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲချမ်းသာကွာဟမှုအပေါ် အခြေခံဖြစ်ပေါ်တတ်တဲ့ ပြဿနာများကို တားဆီးနိုင်ပါတယ်။

အရည်အချင်းရှိသလောက် အောင်မြင်တိုးတက်ပိုင်ခွင့်ကို ဥပဒေနည်းလမ်းများက ကာကွယ်ပေးခြင်း၊ တန်းတူညီမျှတဲ့ ကြိုးစားခွင့်၊ လုပ်ကိုင်ခွင့်များကို လမ်းဖွင့်ပေးနိုင်ခြင်းအားဖြင့် လူတန်းစားကွာဟမှု၊ ဆင်းရဲချမ်းသာကွာဟမှုများကို လျှော့ချနိုင်လာမှာဖြစ်ပြီး လူမှုရေးမတည်ငြိမ်မှုများ၊ လူမှုစီးပွားဆိုင်ရာ မကျေလည်မှုများကိုလျှော့ချနိုင်ကာ နိုင်ငံသားချင်း စည်းလုံးညီညွတ်ရေးကို တစ်စတစ်စ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**၇။ မီဒီယာ၏ အခန်းကဏ္ဍကို မှန်ကန်စွာအသုံးချခြင်း**ကလဲ စည်းလုံးညီညွတ်မှုကို အားဖြည့်ပေးပါတယ်။ တစ်ဖက်မှာလဲ မီဒီယာလက်နက်ကိုသုံးပြီး သတင်းအချက်အလက်များကို ပုံဖျက်ခြင်း၊ စည်းလုံးညီညွတ်မှုကိုဖြိုဖျက်ခြင်း စတဲ့လူ့အဖွဲ့အစည်း ဆုတ်ယုတ်ပျက်စီးစေမဲ့ ကိစ္စများကိုလဲ စနစ်တကျ တားဆီးနိုင်ဖို့လိုအပ်ပါတယ်။

မီဒီယာက လူမှုစည်းလုံးညီညွတ်မှုကို ဖျက်ဆီးနိုင်သလို တည်ဆောက်နိုင်တဲ့ အခန်းကဏ္ဍမှာရှိပါတယ်။ ဒါကြောင့် မီဒီယာကို တာဝန်ယူမှု တာဝန်ခံမှုရှိစွာ၊ ရည်ရွယ်ချက်ကောင်းမွန်စွာ၊ ရိုးသားစွာ၊ အမှန်တရားကို မြတ်နိုးစွာ၊ စေတနာမှန်စွာ အသုံးပြုဖို့ လိုအပ်ပါတယ်။

**၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကိုကာကွယ်ခြင်း** နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါတယ်။ အချုပ်အခြာခိုင်မာတဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ပြည့်ပြည့်ဝဝ ရပ်တည်နိုင်ရေးဟာ အစိုးရများမှာတင်မက နိုင်ငံသားများအားလုံးမှာလဲ တာဝန်ရှိတာဖြစ်ပါတယ်။

နိုင်ငံတော်ကို ကိုယ့်အိုးကိုယ့်အိမ်လို သဘောထားပြီး ခိုင်မာအောင်၊ တည်ငြိမ်အောင်၊ ငြိမ်းချမ်းအောင် ဝိုင်းဝန်းတည်ဆောက် ဝိုင်းဝန်းကာကွယ်ကြပြီးတော့ နိုင်ငံသားများအားလုံးက မိသားစုဝင်များ၊ သွေးသားရင်းများဖြစ်တယ်ဆိုတဲ့ ခံယူချက်မျိုးနဲ့ သွေးစည်းချစ်ကြည်နိုင်ကြမယ်ဆိုရင် သာယာတဲ့ ဖွံ့ဖြိုးတဲ့ ငြိမ်းချမ်းတဲ့ကြွယ်ဝတဲ့ လူ့ဘောင်တစ်ခုအဖြစ်သာသာယာယာရှိနေမှာ ဖြစ်ပါတယ်။

**၉။ အနာဂတ်မျိုးဆက်သစ်များက စည်းလုံးညီညွတ်မှုကို တန်ဖိုးထား ထိန်းသိမ်းခြင်း**ဆိုတဲ့ အသိစိတ်ဓာတ်ရှိလာအောင် လက်ရှိမျိုးဆက်က လက်ဆင့်ကမ်းအမွေပေးနိုင်ရန်လဲ လိုအပ်ပါတယ်။ မျိုးဆက်တစ်ခုပြီးတစ်ခု ပိုမိုစည်းလုံးညီညွတ်လာဖို့ ကြိုးစားတည်ဆောက်နိုင်ကြရင် အနာဂတ်ဟာ အာမခံချက်ရှိသည်ထက် ပိုရှိလာဖို့သာရှိပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ တခြားဘာတွေရှိရှိ၊ ရေခံမြေခံတွေ ဘယ်လောက်ကောင်းကောင်း၊ နိုင်ငံသားတို့ အချင်းချင်းကြား ကောင်းမွန်တဲ့စိတ်သဘောထားရှိကြမှသာ၊ အချင်းချင်းကောင်းကျိုးလိုလားမှသာ၊ အချင်းချင်း တရားမျှတတဲ့ စိတ်ထားမှသာ၊ အချင်းချင်းစည်းလုံးညီညွတ်မှသာ အဲဒီနိုင်ငံဟာ ငြိမ်းချမ်းသာယာနိုင်မှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မာနိုင်မှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို မေလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ်အတွင်း ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၆၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာတွေပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လိုအပ်သည့်သွင်းအားစုများအချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် သဲကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲကုန်းကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဲကုန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄၆သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ်ကြောင့် လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့



**ဟန်နွိုင်း ဇွန် ၁၅**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် အပူပိုင်းမုန်တိုင်းမှ တိုင်ဖွန်းမုန်တိုင်း အသွင်ပြောင်းသွားသော တိုင်ဖွန်းမုန်တိုင်း ဝူတစ်ကြောင့် လူနေအိမ်များနှင့် စီးပွားရေး လုပ်ငန်းများ ပျက်စီးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း တွင် မိုးသည်းထန်စွာရွာသွန်းပြီး အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် အိမ်ခြေ ၄၇ လုံး ပြိုကျပျက်စီးပြီး လယ်ယာစိုက်ခင်း ဟက်တာ ၅၈၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ရသဖြင့် ဒေသခံများတွင် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ကာ ရေနစ်သေဆုံးသူ အနည်းဆုံး လူခြောက်ဦးရှိပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ သေဆုံးသူများနှင့် ပျောက်ဆုံးသူမှာ ကွမ်ဘင်းနှင့် ကွမ်ထရိုင် ပြည်နယ်များမှဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီမှ မေလထိ သဘာဝဘေး အန္တရာယ်ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေ ၄၀ ကျော် သေဆုံးခဲ့ရကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းရုံးမှ ကောက်ယူထားသော စစ်တမ်းများအရ သိရသည်။

Ref : Russia Today
Trs : KZ

## ရာသီဥတုလွန်ကဲမှုပြဿနာနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားရန် ဩစတြေးလျနိုင်ငံတွင် DCCEEW သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ ဇွန် ၁၅**

ဩစတြေးလျနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ရေကြီးရေလျှံမှု၊ တောမီးလောင်ကျွမ်းမှု၊ မိုးခေါင်မှု၊ အပူလှိုင်းဖြတ်သန်းမှုများနှင့် ဆိုင်ကလုန်း မုန်တိုင်းအန္တရာယ်များဖြင့် မကြာခဏရင်ဆိုင်နေရပြီး ထပ်မံရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း Department of Climate Change, Energy, the Environment and Water (DCCEEW) ဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသောသဘာဝဘေးဒဏ်များဆက်တိုက်ဖြစ်ပေါ်နေသကဲ့သို့ ကာလရှည်ရင်ဆိုင်ရနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှု၏ဒဏ်ကို ဩစတြေးလျပြည်သူများ ကာလရှည်ရင်ဆိုင်ရနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သကဲ့သို့ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်ဟု DCCEEW မှ သုတေသီများက သတိပေးခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးဒဏ်တွေ ဖြစ်ပေါ်နေတာဟာ ခန့်မှန်းထားတာထက်ကို ပိုပြီးတော့မြန်ဆန်နေပါတယ်။ ကမ္ဘာမြေကြီးပူနွေးမှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ရင်ဆိုင်ရနိုင်တဲ့ သဘာဝဘေးဒဏ်တွေက တော်တော်ကိုဆိုးရွားလာနိုင်ပါတယ်"ဟု DCCEEW မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (WMO)ကလည်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အပူချိန်မြင့်တက်မှု ပြဿနာကိုရင်ဆိုင်ရဖွယ်ရှိနေပြီး လာမည့်ငါးနှစ်တာကာလအတွင်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရနိုင်သည့် ကမ္ဘာ့နိုင်ငံ ၇၀ ရာခိုင်နှုန်းထိရှိနေကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ဇွန် ၁၃ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၄ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ဒေသခံတချို့လည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဒေသမှာ ဆန်အန်တိုနီယိုမြို့ဖြစ်ပြီး လူ ၁၀ ဦးထက်မနည်း သေဆုံးကာ သေဆုံးသူ အများစုကလည်း ဆန်အန်တိုနီယိုမြို့မှ ဖြစ်ပြီး ပျောက်ဆုံးနေသူများလည်း ရှိကြောင်း၊ ဆန်အန်တိုနီယိုမီးသတ်တပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် မိသားစုဝင်တချို့ ဆုံးရှုံးလိုက်ရတဲ့ပြည်သူတွေနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ မိသားစုဝင်တွေ ဆုံးရှုံးလိုက်ရတဲ့ ပြည်သူတွေ၊ ပူဆွေးသောကရောက်နေတာကိုလဲ ကိုယ်ချင်းစာပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေကိုလဲ အတတ်နိုင်ဆုံးကူညီကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီပေးကြတဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတချို့ကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလဲ အမြန်ဆုံး ဆောင်ရွက်ပေးသွားပါမယ်" ဟု ဆန်အန်တိုနီယို မြို့တော်ဝန် နီရင်ဘတ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်ကာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဒေသခံများကို JMA သတိပေးထား

**တိုကျို ဇွန် ၁၅**

ဂျပန်နိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် ဂျပန်မိုးလေဝသ အေဂျင်စီ (JMA)က ယနေ့တွင် သတိပေးထားကြောင်း သိရသည်။

ဂျပန်ပင်လယ်ပြင် အရှေ့ဘက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး ပူနွေးစိုစွတ်သော လေများ နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်လာမှုကြောင့် တိုကိုင်း၊ ကန်တိုနှင့် တိုဟိုကုဒေသများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ကာ မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှုများဖြစ်နေကြောင်း၊ မိုးသည်း ဆက်လက်သည်းထန်စွာ ရွာသွန်းပါက ရေကြီးမှုနှင့် မြေပြိုမှုသည် ပိုမိုဆိုးရွားလာနိုင်ကြောင်း ဂျပန် မိုးလေဝသအေဂျင်စီ(JMA)မှ သတိပေးထားသည်။

လက်ရှိ ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် မီလီမီတာ ၃၀ နှုန်း တိုက်ခတ်နေကြောင်း၊ ယနေ့ နံနက် ၆ နာရီက တိုင်းထွာချက်များအရ မိုးရေချိန်လက်မ ၆၁ မီလီမီတာရှိကြောင်း၊ ရေကြီး ရေလျှံမှုနှင့်အတူ ရှီဇိုကာ စီရင်စုရှိ မိုဘါးမြို့၌ မြေပြိုမှုသတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှု ဆက်လက်ဖြစ်နေမည်ဖြစ်သော ကြောင့် မြေပြိုခြင်းများ၊ မြေနိမ့်ပိုင်းနေရာများတွင် ရေကြီးခြင်းနှင့် မြစ်ချောင်းရေလျှံခြင်းများ ဖြစ်နိုင်သဖြင့် ပြည်သူများကို သတိပြုနေထိုင်ကြရန် ဂျပန် မိုးလေဝသအေဂျင်စီ (JMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

## ကနေဒါနိုင်ငံတွင် တောမီးကြောင့်ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဆက်စကက်ချီဝမ်ပြည်နယ်မှ ဒေသခံဦးရေ ၁၀၀၀၀ ကျော်ကို နေရပ်သို့ပြန်ခွင့်ပြု

**အော့တဝါ ဇွန် ၁၅**

ကနေဒါနိုင်ငံ ဆက်စကက်ချီဝမ်ပြည်နယ်တွင် မေလနောက်ဆုံးပတ်မှစတင်၍ တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ယနေ့မှစ၍ ဒေသခံဦးရေ၁၀၀၀၀ ကျော် နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း ဆက်စကက်ချီဝမ် ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့် ဒေသများမှ ဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တောမီး အန္တရာယ်ရှိနေသေးသည့် ဒေသများတွင် နေထိုင်သူများကို နေရပ်သို့ ပြန်ခွင့်မပြုသေးကြောင်း Saskatchewan Public Safety Agency (SPSA) က ထုတ်ပြန်ခဲ့သည်။

"ဆက်စကက်ချီဝမ်ပြည်နယ် မြောက်ဘက်ပိုင်းမှာတော့ တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်ထားနိုင်ပြီဖြစ်တဲ့ ဒေသတွေမှာ နေထိုင်တဲ့ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုလိုက်ပါပြီ။ နေရပ်ပြန်ခွင့်ရတဲ့ ဒေသခံပြည်သူအယောက် ၁၀၃၀၀ ရှိပါတယ်။ ကျန်တဲ့ဒေသတွေမှာလဲ တောမီးကို အမြန်ဆုံးထိန်းချုပ်ဖို့ ကြိုးစားပေးနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေအားလုံး နေရပ်ကို အမြန်ဆုံးပြန်နိုင်အောင် ကြိုးစားပေးနေပါတယ်။ နေရပ်ကိုပြန်ခွင့်ရခဲ့တဲ့ ပြည်သူတွေအနေနဲ့လဲ ပြန်လည်ထူထောင်ရေးတွေကို ခက်ခက်ခဲခဲ ဆောင်ရွက်သွားရမယ်ဆိုတာကို နားလည်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလဲ တာဝန်ရှိသူတွေအနေနဲ့ အတတ်နိုင်ဆုံး ပါဝင်ကူညီပေးမှာဖြစ်ပါတယ်"ဟု Saskatchewan Public Safety Agency (SPSA) မှ ပြောရေးဆိုခွင့်ရှိသူ ပရစ်ချက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဘက်စုံဆေးဖက်ဝင်ကင်ပွန်းချဉ်ရွက်ပင်

ပေါက်ပေါက်

ကင်ပွန်းချဉ်ပင်သည် ဆူးဖြူမျိုးရင်းဖြစ်ပြီးမျိုးရင်းအမည် Mimosaceae ဖြစ်က၊ ရုက္ခဗေဒအမည်မှာ Acacia Concinna DC ဖြစ်သည်။

အပင်သည် ဆူးချုံရှိသော ချုံပင်မျိုးဖြစ်ပြီး ပင်စည်ပျော့သည်။ အစိမ်းရောင်အခက်များ ပေါ်တွင် နီမှိုင်းသော အစင်းများရှိ၍ သေးငယ်သော အဖြူစက်ကလေးများ ဖုံးအုပ်နေသည်။

အရွက်မှာ ငှက်မွေးရွက်ပေါင်းဖြစ်သည်။ လေးလက်မမှ ခြောက်လက်မရှည်၍ ရွက်ကလေးလေးစုံမှ ခြောက်စုံရှိသည်။ ရွက်မြွှာအစုံ ၁၂ စုံမှ အစုံ ၂၀ ထိ ရှိတတ်သည်။ ရွက်မြွှာများက ရှည်မျောမျောပုံဖြစ်သည်။ ရွက်ရင်းရွဲ့စောင်းပြီး ရွက်ထိပ်ပိုင်းဝိုင်း၍ အဖျားချွန်သည်။

အပွင့်သည် တစ်ပင်တိုင်ပန်းခိုင်ဖြစ်က၊ ပန်းခိုင်၏ အဖျားတွင် စုပြုံ၍တစ်ပွင့်တည်းသာ ပွင့်သည်။ အပွင့်မှာ အဝါရောင်ဖြစ်သည်။ အမွှေးအနည်းငယ်သာရှိပြီး ပွင့်ညှာမဲ့သည်။ တပေါင်းလမှ ဝါဆိုလအတွင်း ပွင့်တတ်သည်။

အသီးမှာ အသားထူသော အသီးတောင့်ရှည်မျိုးဖြစ်သည်။ ပြား၍ဖြောင့်သည်။ အစေ့များကြားတွင် အဆစ်များဖြစ်နေပြီး အစေ့မှာအနက်ရောင်ဖြစ်သည်။ နတ်တော်လနှင့်ပြာသိုလတွင် အသီးသီးသည်။

**ပေါက်ရောက်ရာအရပ်**

မြန်မာနိုင်ငံ အနှံ့အပြား ပေါက်ရောက်ပြီး အမြဲစိမ်းသစ်တောများတွင် အများဆုံးတွေ့ရတတ်သည်။ သဘာဝအလျောက် ပေါက်ရောက်သည်။

**ကင်ပွန်းချဉ်နှင့်မြန်မာ့ဆေးကျမ်း**

ကျေးလက်ဒေသများတွင် မြွေဆိုးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ဆူးချုံပင်တစ်မျိုးဖြစ်သော ကင်ပွန်းချဉ်ရွက်ပင်များကို ခြံစည်းရိုးပင်အဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ ကင်ပွန်းချဉ်ပင်၏ အရွက်၊ အသီး၊ အပွင့်အားလုံးဆေးဖက်ဝင်သောကြောင့် ရှေးလူကြီးများက အောက်ပါအတိုင်း ဆေးနည်းတိုအဖြစ် အသုံးပြုလာခဲ့ကြသည်။

မြန်မာ့ဆေးကျမ်းများ၏ အလိုအရ ကင်ပွန်းပွင့်သည်ချို၏။အေး၏။ လေ၊ သလိပ်၊ သည်းခြေကိုနိုင်၏။ ကင်ပွန်းရွက်သည်ပူ၏။ ချဉ်၏။ အပူကြောင့်ဖြစ်သော အခိုးအကင်းကို ငြိမ်းစေ၏။ ဝမ်းရပ်ခြင်းကို ပြုတတ်၏။ ကင်ပွန်းသီးသည် ခါး၏။ အေး၏။ အစာကို ကြေညက်စေ၍ ဝမ်းကိုသက်စေ၏ဟု ဖော်ပြထားပါသည်။

ဓာတုရသဆေးကျမ်းတွင် ကင်ပွန်းရွက်သည် အပူကြောင့်ဖြစ်သော အခိုးအကင်းကိုလည်းကောင်း၊ ဝမ်းရပ်ခြင်းကိုလည်းကောင်း ပြုတတ်၏။ သည်းခြေကို ငြိမ်းစေတတ်၏ဟု ဖော်ပြထားသည်။

သက်စောင့်ဆေးအဘိဓာန်တွင် ကင်ပွန်းရွက်သည် သည်းခြေကိုငြိမ်းစေ၏။ ဝမ်းရပ်စေခြင်း၊ အပူကြောင့်ဖြစ်သော အခိုးအကင်းကို ငြိမ်းစေ၏ဟု ဖော်ပြထားသည်။

ရှုတော်မူဆေးကျမ်းတွင် ကင်ပွန်းရွက်သည်ပူ၏။ ချဉ်၏။သလိပ်ကိုနိုင်၏။ သည်းခြေကို ငြိမ်းစေတတ်၏။ သွေးသက်၏ဟု ဖော်ပြထားသည်။

**ကင်ပွန်းချဉ်နှင့်ကျန်းမာရေး**

ကင်ပွန်းချဉ်ရွက်ထဲတွင် အဓိကပါဝင်သော အာဟာရဓာတ်မှာ ရေငွေ့ဓာတ်ဖြစ်သည်။ ထိုဓာတ်က ခန္ဓာကိုယ်တွင်းသို့ အာဟာရဓာတ်များ ပို့ဆောင်ရေး၊ မလိုလားအပ်သော အညစ်အကြေးများကိုဆီး၊ ချွေးအဖြစ်ဖြင့်ခန္ဓာကိုယ်ပြင်ပသို့ ပြန်လည်စွန့်ထုတ်ရေး၊ ခန္ဓာကိုယ်၏ အပူအအေးကို အစဉ်မျှတစေရန် ထိန်းသိမ်းပေးရေးစသည့် လုပ်ငန်းတာဝန်များ စွမ်းဆောင်ပေးနိုင်သည်။

ပူ၍ အချဉ်ဓာတ်ရှိသော အရွက်များက အပူကြောင့်ဖြစ်တတ်သော အခိုးအကင်းကို ငြိမ်းစေနိုင်သဖြင့် ရာသီဓာတ်စာအဖြစ် စားသုံးသင့်သည်။

ဆီးရောဂါအမျိုးမျိုးအတွက် လတ်လတ်ဆတ်ဆတ် ကင်ပွန်းချဉ်ရွက်အရည် (သတ္တုရည်) ကို သောက်သုံးသင့်သည်။

အရွက်ပြုတ်ရည်က အဆီကျဆေး၊ ခံတွင်းပျက်ခြင်းအတွက် နှုတ်မြိန်ဆေးများအဖြစ် အသုံးတည့်လှပါသည်။

လေဖျင်းရောဂါသည်များအတွက် ကင်ပွန်းချဉ်ရွက်ကို ငါးခူ၊ ငါးကြင်းသားတို့ဖြင့် ချက်စားပါ။



သည်းခြေရောဂါသည်များအတွက် ကင်ပွန်းချဉ်ရွက်နှင့်ငါးစင်ရိုင်း သို့မဟုတ် ငါးတန်ကဆေးဖက်ဝင်ပါသည်။

အိမ်ထောင်ရှင်များသုက်ကို ပွားစေရန်အတွက် ကင်ပွန်းချဉ်ရွက်ကို ငါးခူ၊ငါးကျည်း၊ငါးကြင်းတို့ဖြင့် မကြာခဏချက်စားပေးနိုင်သည်။

ကင်ပွန်းချဉ်ရွက်ကို ငါးကျည်း၊ ငါးစင်ရိုင်း၊ ငါးကြင်း၊ ငါးတန်စသည့်ငါးများဖြင့် ရောချက်စားခြင်းက ပန်းနာနှင့်ချွဲသလိပ်ရောဂါသည်များအတွက် အကျိုးအာနိသင်ပိုစေသည်။

ကင်ပွန်းချဉ်ရွက်ကို ငါးခုံးမနှင့်ချက်စားပါက အိပ်မပျော်၊ စားမဝင်ရောဂါ၊ သုက်အားနည်း၊သုက်ခန်းရောဂါတို့ကို ပျောက်စေသည်။ သွေးကိုသန့်စင်စေသည်။ ပန်းနာရောဂါရှိသူများနှင့်လည်း အထူးသင့်တော်ပါသည်။

ငါးရံ့ သို့မဟုတ် ငါးဖယ် သို့မဟုတ် ငါးဖမ်းမနှင့် ချက်စားပါက အစာမကြေရောဂါ၊ သုက်အားနည်းရောဂါတို့ကို ပျောက်ကင်းစေသည်။

ကင်ပွန်းချဉ်ရွက်ကို ဖလံတောင်ဖေ့ဖြင့် ရောကြော်စားပါ။ ဆံပင်ဖြူခြင်းနှင့် သွေးဆုံးကိုင်ဝေဒနာကို သက်သာစေသည်။

လေပွ(ဗိုက်ပွ)ခြင်းအတွက် ကင်ပွန်းချဉ်ရွက်အနုကို ခြေ၍ ရေအေးဖြင့်စိမ်သောက်ပါ (ရေခဲရေမဟုတ်ပါ)။ ထို့ပြင် ကင်ပွန်းချဉ်ရွက်အနုအရင့်တို့ကို ကြိတ်၍ ခပ်နွေးနွေးအပူပေးပြီး ကျောအောင့်ကျောနာသည့်နေရာကို ကျပ်စည်းပေးပါ၊ ကျပ်ထုပ်ထိုးပေးပါ။ ဝမ်းပျော့ပျော့သွားလိမ့်မည် မကြောက်ပါနှင့်။

သွေးဆုံးကိုင်ရောဂါအတွက် ကင်ပွန်းချဉ်ရွက်ကို အမျိုးမျိုးလုပ်၍ ဟင်းချက်စားပေးပါ။

ဆီးချိုရောဂါသည်များ ကင်ပွန်းချဉ်ရွက်ပြုတ်ရည်သောက်ပါ။

အရွက်ရေနွေးဖြောရည်ကို ငှက်ဖျားရောဂါအတွက် သောက်သုံးပေးနိုင်သည်။

အရွက်နုလေးများကို ငရုတ်ကောင်းရည်တွင် စိမ်၍ ဆား၊ မန်ကျည်းသီး၊ ငရုတ်သီးနှင့်ရောထောင်းပြီး အသည်းရောင်အသားဝါနှင့် သည်းခြေရောဂါတို့အတွက် တိုက်ကျွေးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

ဖျဉ်းစွဲရောဂါအတွက် အရွက်နုများကို ညဥ့်သိပ်ရေစိမ်ပြီးသောက်ပါ။

အရွက်ကို ရေနွေးဖြော၍ ငှက်ဖျားရောဂါအတွက် သုံးနိုင်သည်။

အရွက်နုများကို ကြိတ်၍ အသည်းရောင်သောနေရာ၌ လိမ်းပေးပါက သက်သာစေသည်။

**ကင်ပွန်းသီး၏အာနိသင်**

ကင်ပွန်းသီးသည်လည်း လူသားတို့အတွက် များစွာအသုံးဝင်သော ဆေးဖက်ဝင်အသီးတစ်မျိုးဖြစ်သည်။ ဆီးရွှင်၍ ဝမ်းသက်စေသည်။

မြွေဆိပ်တက်ခြင်း၊ လေအောင့်ရောဂါ၊ သွေးနှင့်ဆိုင်သောရောဂါ၊ အဖြူကွက်ပေါ်သော ရောဂါ၊ အစာအိမ်ရောဂါနှင့် ဝမ်းချုပ်ခြင်းတို့ကို ကောင်းကျိုးပြုပါသည်။

သည်းခြေနှင့် သလိပ်ကိုနိုင်သည်။ ချွဲသလိပ်တို့ကို ကျေစေသည်။

စိန်နှင့်သံပုရာသီး စားမိသူအား ကင်ပွန်းသီးကို ကျိုပြီး လက်ဖက်ရည်ပန်းကန်လုံးတစ်လုံးခန့် တိုက်ကျွေးပေးခြင်းဖြင့် စားထားသော စိန်နှင့်သံပုရာများပြန်အန်ထွက်စေသည်။

ကင်ပွန်းသီးကို ရှေးယခင်နှစ်ပေါင်းများစွာကတည်းကပင် သဘာဝအတိုင်း ဆံသားထိန်းသိမ်းသည့်နေရာတွင် ထည့်သွင်းအသုံးပြုခဲ့ကြသည်။ သန်းနှင့်ဗောက်တို့အတွက် အသီးကိုပြုတ်၍ ခေါင်းလျှော်ပေးနိုင်သည်။ ခေါင်းဦးရေပြားကို အေးမြစေသဖြင့် ဆံပင်သန်၍ နက်စေသည်။ ကင်ပွန်းသီးတွင် ဆံသားကို နက်မှောင်သန်စွမ်းစေသည့် ဆာဖိုနင်ဓာတ်ပါဝင်သည်။ ထို့ပြင် ကင်ပွန်းသီးကို လောကီရေးရာတွင် ကံမြင့်၊ ကံတင့်စေရန်လည်း အသုံးပြုကြသည်။ ပျူခေတ်က ဒွတ္တဘောင်မင်းကြီး ကံတော်နိမ့်ပါး၍ မျက်စိကွယ်နေချိန်တွင် ကင်ပွန်းပင်အောက်ဝင်ရောက်နားခိုစဉ် မိုးသက်လေပြင်းကျရောက်သည့်အခါ ကင်ပွန်းပင်ကို ဖြတ်သန်း၍ စီးလာသော ရေများသည် မင်းကြီး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လေသည်။ ထိုအခါ ကံတော်နိမ့်ပါး၍ မျက်စိကွယ်နေသော ဒွတ္တဘောင်မင်းကြီးမှာ မျက်စိနှစ်ကွင်းအလင်းရခဲ့သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် ကံမြင့်၊ ကံတင့်စေရန် မြန်မာနှစ်သစ်ကူးသင်္ကြန်အချိန်အခါများတွင် နှစ်သစ်ကို ကင်ပွန်းသီးခေါင်းလျှော်ရည်ဖြင့် ခေါင်းဆေးမင်္ဂလာပြုနေကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ကင်ပွန်းသီးသည် ဆံသားအတွက်သာမက ခန္ဓာကိုယ်အရေပြား ကျန်းမာရေးအတွက်လည်း အထောက်အကူပြုပေးသည်။ ဆပ်ပြာအစား ကင်ပွန်းသီးကို အသုံးပြုပေးမည်ဆိုပါက အရေပြားကို အေးမြလန်းဆန်းစေမည့်အပြင် ခြောက်သွေ့မှုကင်းဝေးပြီး နူးညံ့စေသည်။ ကင်ပွန်းသီးကို ဝက်ခြံများနှင့် ဆားဝက်ခြံများသက်သာစေရန်အတွက် အသုံးပြုနိုင်သည်။ မျက်နှာအသားအရေကိုလည်း ပိုမိုတောက်ပစေသည်။ ဈေးကွက်ထဲတွင် ကင်ပွန်းသီးဆပ်ပြာဟူ၍ပင် ထုတ်လုပ်ရောင်းချသုံးစွဲနေကြပြီဖြစ်သည်။

**အပွင့်၏အာနိသင်**

လေ၊ သလိပ်နှင့်သည်းခြေရောဂါတို့ကိုနိုင်သည်။ ချွဲသလိပ်တို့ကို ကျေစေသည်။

**ကင်ပွန်းချဉ်နှင့်အသားအရေကျန်းမာရေး**

သွေးကြောင့်ဖြစ်တတ်သော မျက်နှာပေါ်က တင်းတိပ်များကို အထူးပြေပျောက်စေသည်။

မြန်မာ့ဆေးကျမ်းအရ ကင်ပွန်းချဉ်ရွက်က သူမတူအောင်တင်းတိပ်ကို ကောင်းကျိုးပြုနိုင်ကြောင်း ဆိုထားသည်။ ထို့ကြောင့် ကင်ပွန်းချဉ်ရွက်ကို အကြော်၊ ဟင်းချို၊ ချဉ်ဟင်း စသည်ဖြင့် မကြာခဏ အမျိုးမျိုးလုပ်စားပေးပါ။

သန့်ရှင်းစင်ကြယ်စွာ ဆေးကြောထားသော ကင်ပွန်းချဉ်ရွက်မနုမရင့် လက်တစ်ဆုပ်စာခန့်ကို သဘာဝထန်းလျက် အမည်းရောင် ခုနစ်လုံးခန့်နှင့် သုံးခွက်တစ်ခွက်တင်ကျို၍ ဆားအနည်းငယ်ခပ်သောက်ပေးပါ၊ ထိုဆေးရည်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေနွေးကြမ်း ပန်းကန်လုံးပမာဏခန့် နေ့စဉ်မှန်မှန်သောက်ပေးခြင်းဖြင့် တင်းတိပ်များ ပါးလွှာပြီး မကြာခင်ပျောက်ကင်းသွားနိုင်သည်။

ကင်ပွန်းချဉ်ရွက်ရင့်ရင့် လက်တစ်ဆုပ်စာ ပမာဏကို ဖုန်၊ အညစ်အကြေးကင်းအောင် ရေစင်စင်ဆေးပါ။ ၎င်းရေများကို ကုန်စင်အောင်ခါထုတ်ပြီး ကြိတ်စက်ဖြင့်ကြိတ်ပါ။ ရလာသော ကင်ပွန်းချဉ်ရွက်အရည်(သတ္တုရည်)ကို တင်းတိပ်ပေါ်လိမ်းပေးပါ။ ခြောက်သွားလျှင် ထပ်ခါထပ်ခါ လိမ်းပေးနိုင်သည်။ ထိုသို့လိမ်းပေးပါက တင်းတိပ်များကို သက်သာပျောက်ကင်းစေပါသည်။

**သတိပြုရန်**

အစာအိမ်အချဉ်ပေါက်၍ မကြာခဏလေချဉ်တက်တတ်သူများ ကင်ပွန်းချဉ်ရွက်ကိုရှောင်ပါ။ ဝမ်းနုံးလွယ်သူများအနေဖြင့်လည်း ကင်ပွန်းချဉ်ရွက်ဟင်းကို အမြဲတမ်းချက်စားရန် မသင့်လျော်ပေ။ ကင်ပွန်းသီးသည် အရေပြားနှင့် ဆံသားကျန်းမာရေးကို အကျိုးပြုသည်ဆိုသော်လည်း ကင်ပွန်းသီးနှင့်ဓာတ်မတည့်သူများအနေဖြင့် အသုံးမပြုသင့်ပေ။ အထူးဂရုပြုရမည့်အချက်များမှာ ကင်ပွန်းသီးတွင် ပိုးမွှားများကို သေစေနိုင်သည့် အစွမ်းရှိသောကြောင့် ဓာတ်မတည့်မှုဖြစ်စေနိုင်သကဲ့သို့ မျက်ခွံရောင်ရမ်းခြင်းကိုလည်း ဖြစ်စေနိုင်သည်။

ထို့ကြောင့် ကင်ပွန်းချဉ်ရွက်ပင်သည် ဘက်စုံဆေးဖက်ဝင်သည့် အပင်ဖြစ်သောကြောင့် မှီဝဲစားသုံးပေးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါး ဧက ၉၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက် ပေးသွားပါမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် စပါးစိုက်တောင်သူများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဇွန် ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျစ်ကိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ် ချေးပေးခြင်းကို ဇွန် ၁၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း အကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲ စာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၂၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျစ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၁၇ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၁၂၆ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂ ဦးကို ငွေကျပ် သုည ဒသမ ၈၇ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို ငွေကျပ် ၄၈ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**






CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်၊

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောစဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ချမ်းအေးသာစံမြို့နယ်၊ ချမ်းသာရထုံးကုန်းရပ်၊ အကွက်(၂၃၃)နေ ဦးအေးဝင်း (ခ) ဦးအေးကြိုင်(၉/မနတ(နိုင်)၀၇၅၀၁၃) နှင့် ဒေါ်အေးအေးခိုင်(၉/မနတ(နိုင်)၀၀၂၈၀၂)တို့၏သား မောင်ဝေလင်းထွန်း(၉/ခအဇ(နိုင်) ၀၅၃၄၉၇)သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအေးဝင်း (ခ) ဦးအေးကြိုင်
ဒေါ်အေးအေးခိုင်

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ တကောင်းဗျင်းကြားရပ်ကွက်၊ နယ်မြေ (၁)တွင်နေထိုင်သည့် (ဘ) ဦးဝင်းငွေ (မိခင်) ဒေါ်ဥမ္မာထွန်းတို့၏သား မောင်ဂျူမုံ(၅/စကန(နိုင်)၃၃၃၈၉၇)အား မောင်ဇင်မင်းခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇင်မင်းခန့်**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်...**

❖ **ယင်းအတွက် လိုအပ်သည့် အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းပင်ဖြစ်ပြီး စာပေပညာရှင်စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမှီးကြရမည်ဖြစ်...**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၅

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **စာမျက်နှာ ၁၉ ကော်လံ ၄ ❍**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၆ ရက်မှ ၁၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






## MNL League Cup 2025 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၂၀ ကော်လံ ၄ ☆**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး**
စာမျက်နှာ- ၂၁

**PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို သတ်ဖြတ်၊ ပခုက္ကူမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမ တစ်ဦးကို ဖမ်းဆီးခေါ်ဆောင်**
စာမျက်နှာ- ၂၂

**မြန်မာနိုင်ငံမှ စိုးလင်းဦး ပါဝင်ထိုးသတ်မည့် ONE 173 ပြိုင်ပွဲကို ဂျပန်နိုင်ငံတွင် ကျင်းပသွားမည်**
စာမျက်နှာ- ၉

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၀၃၆၆၀၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ